# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၁)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၃-၇-၂၀၂၄၊ အင်္ဂါနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်

နေပြည်တော် ဇူလိုင် ၂၂

ယာယီသမ္မတဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံနေရကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့သော ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့သည်။

ထိုသို့အကြောင်းကြားစာပေးပို့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံခြင်းအား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ကြိုးစားအားထုတ်

နေပြည်တော် ဇူလိုင် ၂၂

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၂၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၂၃ ရက်၊ အင်္ဂါနေ့။

မန္တလေး

## ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် အကျုံးဝင်သော ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအား အဓိကရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့်လည်း လမ်းကွန်ရက်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများတွင် ရာသီမရွေးသွားလာနိုင်သောလမ်းများပေါ်ပေါက်လာရေး ရည်မှန်းချက်ထားရှိကာ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းမိုင်အရှည်(၄၃၉၉၇)မိုင် တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိရာမှာ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၉ ဒသမ ၁၃ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း(၁၉၀)မိုင်၊ တံတား၊ ရေကျော်နှင့် Box Culvert အစင်းရေပေါင်း(၁၆၉)စင်း၊ တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၁၀ ဒသမ ၇၄ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း(၉၃၀)မိုင်၊ တံတား၊ ရေကျော်နှင့် Box Culvert အစင်းရေပေါင်း(၁၀၇၂)စင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာပေါင်း(၇၃၉၅)ရွာရှိ ဒေသခံပြည်သူ ၅ ဒသမ ၅၄ သန်းကို အကျိုးပြုပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင်လည်း လမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ တစ်နှစ်တာကာလပတ်လုံး သယ်ယူပို့ဆောင်ရောင်းချနိုင်ရေးအတွက် ရာသီမရွေးဆက်သွယ်သွားလာနိုင်သည့် ကျေးလက်လမ်းများအဓိကလိုအပ်လျက်ရှိတာကြောင့် နိုင်ငံအတွင်း ကျေးလက်လမ်း၊ တံတားများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက ပြည်သူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်မှုမြင့်မားလာပြီး နိုင်ငံ၏ GDP တိုးတက်ရေးအထိပါ အထောက်အကူပြုနိုင်မှာဖြစ်သည့်အတွက် ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အားသွန်ခွန်စိုက်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေသုံးစွဲရာမှာလည်း နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်နှင့် အကျိုးရှိသောနေရာများတွင်သာ သုံးစွဲကြရန် ထပ်လောင်းမှာကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ကျေးလက်နေပြည်သူ(၇၀)ရာခိုင်နှုန်း၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် ကျေးလက် လမ်း၊ တံတားများ အရည်အသွေးမီကောင်းမွန်ပြီးစီးရေး လုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀

## စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်မည်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ရှားတောလေးရွာအနီး မဟာမေ့ရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူသော စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေတိဂုံပုံစံတူ ကွမ်းတောင်တော်တို့အား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရွှေဆေး၊ ဆီဆေး၊ ရေဆေးများ ကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၉-၇၅၇၇၆၈၄၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၁)

## စက်သုံးဆီ 92,95 Ron ဈေးနှုန်းများ အနည်းငယ်မြင့်တက်

**မန္တလေး ဇူလိုင် ၂၂**

စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သော ဈေးနှုန်းအချက်အလက်များကို အခြေခံ၍ စက်သုံးဆီသိုလှောင်ဖြန့်ဖြူး ရောင်းချသူများအသင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သော စက်သုံးဆီဈေးနှုန်းများအရ 92, 95 Ron စက်သုံးဆီအမျိုးအစားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်သုံးဆီဈေးနှုန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့အတွက် ရည်ညွှန်းလက္ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိသည်။

ဇူလိုင် ၁၈ ရက်နေ့ စက်သုံးဆီလက္ကားဈေးနှုန်းများမှာ ရန်ကုန် 92 Ron ၂၇၀၀ ကျပ်၊ 95 Ron ၂၈၂၀ ကျပ်၊ HSD(500ppm) ၂၄၆၅ ကျပ်၊ HSD(50ppm) ၂၈၉၀ ကျပ်၊ HSD(10ppn) ၂၈၉၀ ကျပ်၊ မန္တလေး 92 Ron ၂၇၇၅ ကျပ်၊ 95 Ron ၂၈၉၅ ကျပ်၊ HSD(500ppm) ၂၅၄၀ ကျပ်၊ HSD(50ppm) ၂၉၆၅ ကျပ်၊ HSD(10ppn) ၂၉၆၅ ကျပ် ရှိကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက်နေ့ စက်သုံးဆီလက္ကားဈေးနှုန်းများမှာ အထက်ပါထုတ်ပြန်ဈေးနှုန်းများဖြစ်သည့် ရန်ကုန် 92 Ron ၂၆၈၅ ကျပ်၊ 95 Ron ၂၈၀၅ ကျပ်၊ HSD (500ppm) ၂၄၁၅ ကျပ်၊ HSD (50ppm) ၂၉၁၅ ကျပ်၊ HSD (10ppm) ၂၉၁၅ ကျပ်၊ မန္တလေး 92 Ron ၂၇၆၅ ကျပ်၊ 95 Ron ၂၈၈၅ ကျပ်၊ HSD (500ppm) ၂၄၉၀ ကျပ်၊ HSD (50ppm) ၂၉၁၅ ကျပ်၊ HSD (10ppm) ၂၉၁၅ ကျပ် ရှိကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက်နေ့ စက်သုံးဆီလက်လီဈေးနှုန်းများမှာ တစ်လီတာလျှင် မန္တလေးဈေးကွက်အတွင်း 92 Ron ၂၆၂၅ ကျပ်၊ 95 Ron ၂၇၄၄ ကျပ်၊ HSD (500ppm) ၂၃၅၄ ကျပ်၊ HSD (50ppm) ၂၇၇၀ ကျပ်၊ HSD (10ppm) ၂၇၇၀ ကျပ် ရှိကြောင်း သိရသည်။

လက်ရှိထုတ်ပြန်ထားသော ဈေးနှုန်းများမှာ MOPS ဈေးနှုန်းများအပေါ်တွင် အခြေခံတွက်ချက်ကာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၁၁၃၇၃,၀၆၇-၄၁၁၂၈,၀၉-၇၇၅၂၉၃၆၃၂,၀၉-၂၅၄၆၂၅၄၇၇ သို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

"သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာ" အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့၊ ၇၄ လမ်း၊ ၁၂ လမ်းထောင့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည်။



အဆိုပါ ဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲ၌ သစ်တော၊ သစ်ပင်၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်ပြုစုထိန်းသိမ်းခြင်းနည်းလမ်းများ၊ သစ်တောဦးစီးဌာနမှ လုပ်ကိုင်နေသော သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို အောင်မြေသာစံမြို့နယ်ဦးစီးအရာရှိ ဦးကျော်ဖုန်းဝေက ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲ အပြီးတွင် လူငယ်သင်တန်းကျောင်းဝင်းအတွင်း တပေဘူတ(၁၀)ပင်၊ မယ်ဇယ်(၁၀)ပင်၊ ပိတောက်(၁၀)ပင်၊ ငုစပ်(၁၀)ပင်၊ ကုက္ကို(၁၀)ပင်၊ စုစုပေါင်း (၅၀)ပင်ကို ကျောင်းသားများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မန္တလေးနေ့စဉ်-၅)**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၂၄ မှ

ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများသည် အခြေခံပညာကို ပြီးဆုံးပြီဖြစ်သဖြင့် အဆင့်မြင့်ပညာကို သင်ယူရတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သင်ယူသည့်အခါတွင် မိမိတို့ စိတ်ဝင်စားသည့် ပညာရပ်များ၊ ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်တက်ရောက်ကြစေလိုကြောင်း၊ စာသင်ခန်းကရသည့်ပညာသည် သညာသိဖြစ်ပြီးသညာသိလောက်ဖြင့်ဘဝတွင်မလုံလောက်နိုင်သည့်အတွက် တော်နေရုံမျှနှင့် မပြီးစေဘဲသညာသိကနေပညာသိဖြစ်လာအောင် မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်”**ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းသည့် နိုင်ငံဖြစ်ကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း။

ဆုရကျောင်းသား ကျောင်းသူများအပါအဝင် လူငယ်အားလုံးအနေဖြင့် **“အတ္တနှင့်ပရ”** မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လိုသည့်စိတ်ကောင်းစေတနာရှိရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များသည် အသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီညီထိန်းညှိပြီး မိမိတို့၏ ရည်မှန်းထားသည့် ပန်းတိုင်ကို အရောက်သွားရန် လိုကြောင်း၊

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစော ဘာသာစုံ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»»» စာမျက်နှာ ၃ မှ

"အလိမ္မာစာမှာရှိ"ဆိုသည့် ဆိုရိုးစကားအတိုင်း စာအုပ်စာပေများ ဖတ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ မှန်ကန်ကြရန်၊ အမှားအယွင်း မလုပ်မိကြရန် လိုကြောင်း။

မျက်မှောက်ကာလသည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနိုင်နေပြီဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို မျက်ခြည်မပြတ် လေ့လာကြရမည် ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မည် ဖြစ်ကြောင်း။

**နိုင်ငံကိုအကျိုးပြုနိုင်မည်**

လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်း လိုကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည် ဖြစ်ကြောင်း။

ဆုရကျောင်းသား ကျောင်းသူများကို မှာကြားလိုသည်မှာ ယခုကဲ့သို့ အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းကြရန်၊ အသိပညာ၊ အတတ်ပညာနှင့် ဘဝကို တည်ဆောက်ကြရန်၊ အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားသိမြင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်မားပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်၊ အသက်ရှင်နေသမျှ ကာလပတ်လုံးကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ရင့်ကျက်ပြည့်ဝသူများဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

အောင်ကြိုးစားကြရန်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၁၁ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။





၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။

အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" တေးသရုပ်ဖော် တင်ဆက်မှုဖြင့် လည်းကောင်း၊ "မြန်မာ့ကျောင်း"တေးသီချင်းကို သီဆို၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂ ၄၀၆၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၁၂၊ ၀၉ ၂၆၁၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။



အဆိုပါအဖွဲ့ကို တာဝန်ရှိသူများနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်နှင့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သုခတော်ဝင်အိမ်ရာစီမံကိန်း အပိုင်း(၂) ရတနာပန္နက်တော်တင်မင်္ဂလာ ကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုသွားလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင်ဘူးကွဲရွာ ဟောင်း၊ (၃၁)ဧကအကျယ် မြေနေရာတွင် သုခတော်ဝင်အိမ်ရာ အပိုင်း(၂)စီမံကိန်းကို 4U5S(3Bed) အခန်း(၃)ခန်းပါ သံကူကွန်ကရစ်အဆောက်အအုံ ၁၅ လုံး၊ (၁၀၉၂ စတုရန်းပေ)၊ အိမ်ခန်း ၃၀၀ ခန်းနှင့် 4U5S(2Bed) အခန်း(၂)ခန်းပါ သံကူကွန်ကရစ်အဆောက်အအုံ ၇ လုံး(၇၃၂စတုရန်းပေ) အိမ်ခန်း ၁၄၀ ခန်း စုစုပေါင်း ငါးထပ် အဆောက်အအုံ ၂၂ လုံး ဆောက်လုပ်သွားမည် ဖြစ်သည်။

သုခတော်ဝင်အိမ်ရာ စီမံကိန်းအပိုင်း(၂) ငါးထပ်အဆောက်အအုံများ ဆောက်လုပ်ရေးရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၇နာရီက ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးသုခတော်ဝင်အိမ်ရာ စီမံကိန်းအပိုင်း(၂)တွင် ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူပြီးမင်္ဂလာအချိန်တွင် ပန္နက်တော်ကိုးချက်စိုက်ထူ၍ အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## ပါဠိသဒ္ဒါပညာရှင်ရွေးချယ် ရေးဖြေစာမေးပွဲ စာအောင်ဆုစာရင်း ထုတ်ပြန်

**မန္တလေး ဇူလိုင် ၂၂**

နိုင်ငံတော်သံဃမဟာနာယကနိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ စလင်းဝိဘင်္ဂဝါဒီစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိလာသာ ဘိဝံသကြီးမှူးကျင်းပအပ်သော ပါဠိသဒ္ဒါပညာရှင်ရွေးချယ် ရေးဖြေစာမေးပွဲကို အဆင့် ၄ ဆင့်ခွဲ၍ မန္တလေး၊ အောင်မြေသာစံမြို့နယ် မဟာဧယျာဘုံရပ် ၆၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား အဆိုပါစာသင်တိုက်တွင် ကျင်းပခဲ့ရာ ၁၃၈၆ ခုနှစ် စာအောင်ဆုစာရင်းထုတ်ပြန်ရာတွင် တတိယဆင့်ဖြင့် ၈ ပါး၊ ဒုတိယဆင့်ဖြင့် ၈ ပါး၊ ပထမဆင့်ဖြင့် ၃ ပါး၊ ပထမဆင့်(ကြို) ၈ ပါး စုစုပေါင်း ၂၇ ပါး အောင်မြင်တော်မူကြသည်။

စာမေးပွဲတွင် ပထမဆင့်(အကြို)၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ အဆင့်ခွဲခြားထားပြီး စာမေးပွဲကိုစွမ်းနိုင်သလောက် အကြိမ်များစွာဖြေဆိုခွင့်ပြုထားပြီးပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့်အောင်မြင်ပါက 'ကစ္စာယနဝေယျာကရဏ ကပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

'ပါဠိစာပေဟာ ဗုဒ္ဓစာပေကိုလေ့လာရာမှာ မဖြစ်မနေလိုအပ်တယ်။ ထို့အတူ မြန်မာစာပေဟာလည်း ပါဠိစာပေရဲ့ အရိပ်ကိုမှီခိုနေတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်များအဖို့ အရေးကြီးတဲ့စာပေဖြစ်တာကြောင့် ပါဠိသဒ္ဒါဟာ အရေးပါနေပါတယ်။ သဒ္ဒါမတတ် စာမတတ်ရယ်လို့ သတ်မှတ်ပြောဆိုကြပါတယ်။ သဒ္ဒါကျမ်းများစွာရှိရာ ကစ္စည်းသဒ္ဒါကျမ်းဟာ ပါဠိစာပေကို ချဉ်းကပ်ရာမှာ အပြည့်စုံဆုံးကျမ်းလို့ ပြောရင်ရနိုင်ပါတယ်' ဆရာတော်က မိန့်ကြားသည်။

စာမေးပွဲဖြေဆိုရာတွင် စာတစ်လုံးမျှ မှားယွင်းမှုမရှိလျှင် အထူးအောင်ဖြင့် သတ်မှတ်ထားပြီး၊ စာ ၅ လုံးအတွင်းမှားယွင်းပါက အဆင့်(၁) အောင်အဖြစ်လည်းကောင်း၊ စာ ၁၀ လုံး အတွင်း မှားယွင်းပါက အဆင့်(၂) အောင်အဖြစ်လည်းကောင်း၊ စာ ၁၀ လုံးအထက် မှားယွင်းပါက ကျရှုံးသတ်မှတ်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

## ကံသာကြီးကျေးရွာ(အ-ထ-က)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ပွင့်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်ကျင်းပသည့် လူငယ်စကားဝိုင်းကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းခိုင်က ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် လုပ်ဆောင်ရမည့်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်က လူငယ်စကားဝိုင်းကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကံသာကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ မောင်ပိုင်အုပ်စိုးခန့်(Grade-10)၊ မဆုရတီ(Grade-10)၊ မမြူစင်ကြယ်(Grade-10)၊ မဇင်ဝေဝေနှင်း(Grade-10)တို့က 'လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာဖတ်ခြင်း' စသည့် ခေါင်းစဉ်များဖြင့် အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခေါင်းစဉ်အလိုက် ဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းအကြံပြု ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၄၅)

# ကရုဏာမြစ်၌ စီးမျောခြင်း

နွေးထွေး(ပုသိမ်ကြီး)

ကြင်နာသနားခြင်း (Compassion)သည် ပါဠိစကား၌ ကရုဏာ (Karuna)ဖြစ်၏။ တစ်ဦးကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ စိတ်နှလုံး ပူပန်ခြင်းမှ ကင်းငြိမ်းစေလို၏။ ဘေးရန် မာန်အန္တရာယ်တို့မှ ကင်းလွတ်စေလို၏။ကရုဏာ သည် သူတစ်ပါးကို ရှိက်ကြီးပင်ပန်းဘဝင်မချမ်း ရှိကြသောအခါ မြင့်မြတ်သော အကြင်နာအသနား ရင်မှာပွား၏။ သူတစ်ပါးတို့ကို ဆင်းရဲအပေါင်း မှ လွတ်အောင် ဖေးမကူညီဆောင်ရွက်လိုခြင်း သည် ကရုဏာ၏ အဓိကလက္ခဏာဖြစ်၏။ ကရုဏာသည် နှလုံးပူပန်ခြင်းနှင့် ဆန့်ကျင်၏။ ရက်စက်ကြမ်းကြုတ်ခြင်း၊ ကောက်ကျစ်ယုတ်မာ ခြင်းတို့ကို ကန့်ကွက်၏။

လူသားတို့၏ နှလုံးသားထဲမှာ သူ၏ကြင်နာ ခြင်း ကရုဏာရှိသည်။ ကြင်နာတတ်ရန်အတွက် ငွေကြေးဥစ္စာဓနချမ်းသာရန် အစစအရာရာ၌ လိုအပ်နေခြင်းမဟုတ်။ ကြင်နာမှုသည် အချုပ် အခြယ်ကင်းရှင်းသည်။ ချမ်းသာ၊ ဆင်းရဲမရွေး အားလုံးသည် အကြင်နာကရုဏာကို ပိုင်ဆိုင်နိုင် သည်။ ပိုင်ဆိုင်နေကြသည်။ ထိုကရုဏာ(အကြင် နာ)ကြောင့် သောကမျက်ရည် ဝမ်းနည်း၊ ဝမ်းသာ သော ပီတိမျက်ရည်မိုးများ တဖြိုင်ဖြိုင်ကျဆင်း ကာ ပါးပြင်အထက်မှာ ကရုဏာမြစ်များသည် တသွင်သွင်၊ တငြိမ့်ငြိမ့်၊ တသိမ့်သိမ့် တစ်ရှိုက် မက်မက် စီးမျောကြပေသည်။

ကရုဏာမြစ်၏ မြစ်ဖျားခံရာသည် တပ်မက် နှစ်သက်ခြင်း၊ တွယ်တာမြတ်နိုးခြင်း ကင်းသော ဖြူဖြူစင်စင် ချစ်ခင်ခြင်းဖြစ်၏။ ပါဠိစကား တွင် မေတ္တာဖြစ်သည်။ တစ်ဦးတစ်ယောက်သို့ အလုံးစုံသော သတ္တဝါများသို့ ပို့လွှတ်ပွားများ ၏။ မေတ္တာသည်အားလုံးကို ကောင်းခြင်း ချမ်းသာနှင့် ပြည့်စုံစေလိုသော ဆန္ဒမွန်ဖြစ် သည်။ မေတ္တာသည် ပိုင်းခြားကန့်သတ်ခြင်း၊ မျက်နှာလိုက်ခြင်းကင်း၏။ သူတစ်ပါး၏ ကောင်းကျိုးချမ်းသာရှာလိုခြင်းမှာ မေတ္တာစစ် အဓိကလက္ခဏာဖြစ်၏။ အလှိုင်းကြီးသော အချစ်အမုန်းကို ကန့်ကွက်သည်။ ဆန့်ကျင်သည်။ အမျက်ဒေါသကို မလိုလားပေ။ တပ်မက်တွယ် တာချစ်မြတ်နိုး တွယ်တာချစ်တို့သည်ကား ဤ မေတ္တာမမည်ပါပေ။

အေးချမ်း၍ နှစ်လိုဖွယ်ကောင်းသော 'ချစ် ခြင်းမေတ္တာ'မှာ ပူလောင်ဆင်းရဲမှုတစ်ခုခု၊ စိတ် မွန်းကျပ်ချုပ်နှောင်မှုတစ်ခုခု၊ တွန်းအားပေးမှု တစ်ခုခု၊ ဖိအားပေးမှုတစ်ခုခု၊ နာကျင်မှုဝေဒနာ တစ်ခုခု၊ စိုးရိမ်ပူပန်စေမှုတစ်ခုခု စသည့်စိတ် သောကပေးတတ်သော အရာမျိုးမဟုတ်ချေ။

ထိုအရာများနှင့် ဆန့်ကျင်ဖက်ဖြစ်သည့် အဆင်ပြေစေမှုအား အခြေအနေအချိန်အခါအလိုက် ဖြည့်ဆည်းပေးရန် လိုလားသော၊ ဖြည့်စွမ်းပေး တတ်သော စေတနာစိတ်ကို အခြေခံ၏။ ချစ်ခြင်း မေတ္တာ၏ အတိမ်အနက်၊ ပမာဏရှိသည်ကို မည် မျှစိတ်ဖြောင့်မတ်မှုရှိစေသည်ဟူသည့် ခံစားမှုဖြင့် သိရှိခံစားကြသည်။ ဤသို့လျှင် စစ်မှန်သော ချစ်ခြင်းမေတ္တာ၏ စိတ်ရောကိုယ်ပါ ငြိမ်းအေး သက်သာစေမှုကို အမှန်ရရှိကာ ချမ်းမြေ့ကြရ သည်။

အခြားသူတစ်ပါးတို့ကို ထိခိုက်နာကျင်စေ မည်ဆိုပါက ချစ်မေတ္တာသည် ဂုဏ်ကျက်သရေ မရှိချေ။ ထိုချစ်မေတ္တာကား အလိုရမ္မက်သက် သက်အဖြစ်သို့ ရောက်သွားနိုင်၏။ မိမိ၏ ရှင် သန်မှုအတွက် သူတစ်ပါး၏ ရှင်သန်မှုကို ကိုယ့် ပျော်ရွှင်မှုအတွက် သူတစ်ပါးပျော်ရွှင်မှုကို၊ ကိုယ့် မိသားစုအတွက် သူတစ်ပါးမိသားစုကို မထိပါး၊ မကျူးကျော်၊ မစော်ကား၊ မနာကျင်စေသော မေတ္တာသည်သာလျှင် ဂုဏ်ကျက်သရေကို အပြစ် အနာဆာကင်းစွာ ဆောင်ယူလာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ဇာတိသွေးနှင့် ဇာတိချစ်စိတ်သည် အပြစ် အကင်းဆုံး ချစ်မြတ်နိုးစိတ်ဖြစ်သည်မှာမူ ယုံမှား ဖွယ်မရှိပါချေ။ ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော ချစ်ခြင်းမေတ္တာဖြစ်သည်။ မေတ္တာအပေးမှန်ခဲ့လျှင် မေတ္တာမှန်ပြန်ပေးကြပါသည်။ တစ်ဖက်သားအား နွေးနွေးထွေးထွေး ချစ်ခင်တတ်လျှင် ကိုယ့်ကို နွေး နွေးထွေးထွေးချစ်ခင်မည့်သူ အမှန်ပေါ်လာမည် ဖြစ်သည်။ တစ်ဖက်သားကို မြတ်မြတ်နိုးနိုးကြင် နာတတ်လျှင် ကိုယ့်ကို မြတ်မြတ်နိုးနိုးကြင်နာတတ် သူရောက်ရှိ၍ လာပါမည်။ မေတ္တာ၊ အကြင်နာ တရားပြည့်ဝသူ၏ ရုပ်သွင်သည် အေးချမ်း၍ မျက်နှာကြည်လင်ဝင်းပနေသည်။ မျက်နှာမြင်ချစ် ခင်ပါစေဆုနှင့် ပြည့်စုံ၏။

လူဆိုသည်မှာ ချစ်တတ်၊ ခင်တတ်၊ လွမ်း တတ်၊ ဆွေးတတ်ဖို့ လိုပေသည်။ အကြင်သူသည် ချစ်တတ်၊ လွမ်းတတ်၊ ခင်တတ်မင်တတ်သော နှလုံးသားမရှိပါလျှင် မစာနာတတ်ကြပေ။ စာနာ စိတ်သည် ကြင်နာစိတ်ကိုဖြစ်စေ ပွံ့ပိုးစေသည်။ မစာနာတတ်သူတို့မှာ အတ္တကြီးတတ်၊ ဖျက်ဆီး တတ်ကြသည်။ ဘယ်သူသေသေ၊ ငတေမာပြီး ရောလုပ်တတ်ကိုင်တတ်ကြသည်။ အခြားတစ်ပါး သူတို့၏ ပျက်စီးခြင်းဒုက္ခတွင် ကူးစက်ပျော်မွေ့ နိုင်ကြသည်။ လူသားချင်းစာနာစိတ်ကင်းမဲ့ကြ သည်။

ဇူလိုင် ၂၀ ရက်သည် ဝါဆိုလပြည့်ဖြစ်သည်။ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားသည် သစ္စာလေးပါးမြတ်တရားကို ဟောမြွက်ကြားခဲ့ပါသည်။ ရက်ဒ်အင်းဒီးယန်း လူမျိုးများသည် Sturgeon Moon ဟု ခေါ်ဆို ခဲ့ကြသည်။ ဩဂုတ် ၁၉ ရက်မှာ ဝါခေါင်လပြည့် ဖြစ်သည်။ မေတ္တာအခါတော်နေ့ဖြစ်သည်။ Blue Moon ဟုလည်း ခေါ်ဆိုကြသည်။ ထိုနေ့တွင် စန္ဒာလမင်းသည် အတောက်ပဆုံး၊ အပြည့်ဝ ဆုံး၊ ကမ္ဘာမြေပြင်နှင့် အနီးကပ်ဆုံးဖြစ်သည်ဟု ဆိုပါ သည်။ ဗုဒ္ဓမြတ်စွာဘုရား ထိုနေ့တွင် မြွက်ကြား ထားခဲ့သော မေတ္တာစကားများမှ အချို့ကို ဖော်ပြ အပ်ပါသည်။

**မေတ္တာခြံ့မှ လုံသည်**

သတ္တဝါအားလုံးအပေါ် မေတ္တာစိတ်ထား သောသူသည် သူတစ်ပါးကို မညှဉ်းဆဲ၊ မသတ် ဖြတ် ညှဉ်းဆဲသတ်ဖြတ်မှုလည်း မတိုက်တွန်း၊ သူတစ်ပါးကိုလည်း အနိုင်မကျင့်၊ သူတစ်ပါးကို မရှုံးစေ၊ ထိုပုဂ္ဂိုလ်မျိုးမှာ မည်သည့်အကြောင်း ကြောင့်မျှ ဘေးရန်မဖြစ်နိုင်။

ဣတိဝုတ်-မေတ္တာဘာဝနာသုတ်

**ချစ်ခင်ခြင်းသာအရသာ**

ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ရင်းရင်းနှီးနှီး စားရလျှင် အရသာရှိသည်သာဖြစ်၏။ အဘယ့် ကြောင့်ဆိုသော် ချစ်ကျွမ်းဝင်ခြင်းသည် မွန်မြတ် သော အရသာဖြစ်သောကြောင့်တည်း။ (ချစ်ကျွမ်း ဝင်ခြင်းကပင် မွန်မြတ်သော အရသာဖြစ်နေသော ကြောင့်တည်း။)

ကေသဝဇာတ်-၃၄၆

**အားလုံးအပေါ် မေတ္တာထားပါ**

'မိခင်သည် တစ်ဦးတည်းသော သားကို အသက်နှင့်လဲ၍ စောင့်ရှောက်သကဲ့သို့' (ထိုနည်း အတူ သတ္တဝါအားလုံးအပေါ်၌ အပိုင်းအခြား မရှိသော မေတ္တာစိတ်ကို ပွားသင့်ပေသည်။

သုတ္တနိပါတ်-မေတ္တသုတ်

**ရွှင်လန်းချမ်းမြေ့ပါစေ**

ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့မည့်အလုပ် မျိုးဖြစ်စေ၊ အသေးအဖွဲ့ကလေးပင်ဖြစ်စေ၊ မည် သည့်အမှုကိုမျှ မပြုသင့်ပေ။

**သတ္တဝါအားလုံ၊ ချမ်းချမ်းသာသာရှိကြပါစေ**
**အေးအေးဆေးဆေး နေနိုင်ကြပါစေ**
**စိတ်ရွှင်လန်းချမ်းမြေ့ပါစေ**---ဟု မေတ္တာပွား သင့်ပေသည်။

**သုတ္တနိပါတ်-မေတ္တာသုတ်**

ကျူရိုးလေးများသည် သေးသွယ် နွဲ့နှောင်း ၏။ လေပြည်သိမ်းရုံနှင့်ကွေးညွတ်သွားတတ်၏။ သို့သော် လေမုန်တိုင်းကျသောအခါတွင်မူ ကျိုး ဖြတ်၍ မသွားပါချေ။ အမျိုးသမီးဟူသည်မှာ လည်း နွဲ့နှောင်း၏၊ ပျော့ပျောင်း၏၊ အမျိုးသား များထက်ပို၍ အားငယ်၏၊ ကျူပင်ကျူရိုးလေး များနှင့် တူလှပေစွ၊ သို့သော် လူ့သမိုင်းတွင် လူမှုကိစ္စကြီးငယ်ဟူသမျှ အကောင်အထည်ဖော် ဆောင်ကြရာတွင် အမျိုးသားများနည်းတူ ကြံ့ကြံ့ ခိုင်ခိုင် ဆောင်ရွက်ပေးနိုင်ကြ၏။ မိခင်စိတ်ဖြင့် သူ၏မိသားစုကို ကရုဏာထီးဖြင့် ကြီးမားစွာ မိုးပေးထား၏။ မေတ္တာလက်ဖြင့် နွေးထွေးစွာ ပွေ့ဖက်ထားရှိသည်။ အကြင်နာပေါင်း ရှစ် သောင်းလေးထောင် အသချေ အနန္တ 'မြင့်မိုရ် တောင်ထက်မြင့်သောအရာ'ဟု တင်စားဂုဏ်ပြု ကြသည်။ ခိုင်မြဲလှသော သံယောဇဉ်ကြိုးဖြင့် အထပ်ထပ်ရစ်ပတ်နှောင်ဖွဲ့ ချည်တုတ်ထားကြ လေသည်။

အမုန်မူအမျိုးသားများသည် အတွေးအခေါ် အကြံအစည်၊ အယူအဆ၊ လုပ်သမျှ၊ ကိုင်သမျှ အားလုံးပင် ကျောက်တိုင်၊ ကျောက်ခဲများပမာ ကြီးကျယ်ခိုင်မြဲတင်းမာတတ်ကြသည်။ လိုအပ် သည်ထက် ပိုလွန်အောင် ခက်ထန်ကြပါလျှင် ကျောက်ကြမ်းထည်ကြီးပမာ ဖြစ်၏။ ထိုအခါ အမျိုးသမီးများက ကြင်ကြင်နာနာ ဖေးဖေးမမ ချစ်ခင်ယုယစွာ တတ်စွမ်းသမျှ ချောမွေ့အောင် ဆွဲဆောင်ပြုလုပ်ပေးကြ၏။ ကူညီအားပေးကြ သည်။ 'ကြင်နာမှု' ဆိုသည်မှာ အားနည်းချက် မဟုတ်၊ အားသာချက်ဖြစ်၍ စိတ်ဓာတ်ခွန်အား များသာလျှင် ပေးစွမ်းနိုင်ကြသည်။ ကြင်နာမှုဖြင့် သူတို့၏ အထူးပုဂ္ဂိုလ်များကိုလည်း ကာကွယ် စောင့်ရှောက်နိုင်စွမ်းရှိသည်။

ကရုဏာတိုင်းကို ကြည်နူးပါ၏။ အမှန် တကယ် ကယ်မ,လိုသော ကရုဏာကို ကြည်ညို ပါသည်။ ပညာတိုင်းကို မြတ်နိုးတန်ဖိုးထားပါ စေ။ အမှန်တကယ် ကယ်မ,နိုင်သော ပညာကို သာ မြတ်နိုးမိပါသည်။

ထိုကရုဏာ· ထိုပညာ---

ကြည်ညိုထိုက်သော ကရုဏာပညာ၊ ပူဇော် ထိုက်သော ကရုဏာပညာတန်ဖိုးအနမတဂ္ဂရှိ ချေ၏။ ကရုဏာနှင့် ပညာဆိုသည် အသွင်အမျိုး မျိုးရှိချေ၏။ အမှန်တကယ် 'ကယ်မ,လိုသော ကရုဏာ' 'ကယ်မနိုင်စွမ်းသောပညာ' ထိုနှစ် မျိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များသည်သာ 'ပူဇော် ထိုက်သူ' ပူဇနေယျများဖြစ်ကြပေလိမ့်မည်။

'လူတို့နှလုံးသား အမုန်းမပွားကြဖွယ်××× မေတ္တာခိုင်ပန်းတင့်ဆန်းလှိုင်ကြွယ်××× အကြင် နာတရားတွေ××××ထားကြမှ စိတ်ထားမြတ် မယ် ××××စေတနာတွေ မိုးစွေရွာ××× ဖြိုးဝေ စွာကွယ်×××အမုန်းမပွားတယ် အပြုံးများကြွယ် နှလုံးသားဝယ်အလှ ဆင်ပါတကယ်'×××ဟူ သည် ငယ်စဉ်ကကြားဖူးသော ရေဒီယို တေး သီချင်းကို အမှတ်တရ ရေးသားဖော်ပြအပ် ပါသည်။

'အကြင်နာ' ကရုဏာမြစ်၌ ဖြူစင်သော 'ချစ်ခင်ခြင်း' မေတ္တာရေအလျဉ်မှာ ညင်ညင် သာသာစီးမျောလိုက်ပါ၍ ဘဝအမောတွေ ပြေပျောက်နိုင်ကြပါစေသတည်း။ ။

အခြားသူတစ်ပါးတို့ကို ထိခိုက်နာကျင်စေမည်ဆိုပါက ချစ်မေတ္တာသည် ဂုဏ်ကျက်သရေ မရှိချေ။ ထိုချစ်မေတ္တာကား အလိုရမ္မက်သက်သက်အဖြစ်သို့ ရောက်သွားနိုင်၏။ မိမိ၏ ရှင်သန်မှုအတွက် သူတစ်ပါး၏ ရှင်သန်မှုကို ကိုယ့် ပျော်ရွှင်မှုအတွက် သူတစ်ပါးပျော်ရွှင်မှုကို၊ ကိုယ့်မိသားစုအတွက် သူတစ်ပါး မိသားစုကို မထိပါး၊ မကျူးကျော်၊ မစော်ကား၊ မနာကျင်စေသော မေတ္တာ သည်သာလျှင် ဂုဏ်ကျက်သရေကို အပြစ်အနာဆာကင်းစွာ ဆောင်ယူ လာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Lakshya Lalwani ၏ Kill ကို ဟောလိဝုဒ်ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးထား




ဘောလိဝုဒ်အက်ရှင်ရုပ်ရှင်သစ် Kill တွင် မဟာဝီရပေါ်ရသမင်းသား လာခ်ရှယာလာဝမ်နီ အဓိကပါဝင်သည့် ဟောလိဝုဒ်ရုပ်ရှင်ကို ပြန်လည်ရိုက်ကူးထားသည်။ ဟောလိဝုဒ်ဇာတ်ကားအဖြစ် မြင်တွေ့ကြရမည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါအက်ရှင်ရုပ်ရှင်သစ်ကို Dhama ထုတ်လုပ်ရေးက တာဝန်ယူကာ John Wick ဖြန့်ချိရေးကုမ္ပဏီက ပူးတွဲဖြန့်ချိ၍ ဇူလိုင် ၄ ရက်တွင် ရုံတင်ပြသမည် ဖြစ်သည်။

အိန္ဒိယတောင်ပိုင်းရုပ်ရှင်ကားများ နည်းပညာအဆင့်အတန်းမြင့်မြင့်နှင့် ထွက်ပေါ်လာရာ ဟောလိဝုဒ်ကပင် ပြန်လည်ရိုက်ကူးရသည်ထိ အောင်မြင်မှုရရှိထားရာ Kill ရုပ်ရှင်လည်း ပါဝင်ထားသည်။

မဟာဝီရပေါ်ရသမင်းသား လာခ်ရှယာလာဝမ်နီ၏ Kill ကို ဟောလိဝုဒ်သရုပ်ဆောင်များ ပြန်လည်ရိုက်ကူးမည်ဖြစ်၍ ပရိသတ်များက ရင်ခုန်စွာစောင့်မျှော်နေကြကာ John Wick ဖြန့်ချိရေးကုမ္ပဏီကြောင့် ပို၍ စိတ်ဝင်စားနေကြသည်။

(SKY)



## ဦးနှောက်အတွင်းပိုင်းရောင်ရမ်းမှုကြောင့် ကြွက်သားများ ပင်ပန်းနွမ်းနယ်မှု ကြုံတွေ့နိုင်

ဦးနှောက်အတွင်းပိုင်းရောင်ရမ်းမှုကြောင့် ကြွက်သားများ ပင်ပန်းနွမ်းနယ်မှုကြုံတွေ့နိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီကဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိပ္ပံနည်းပညာသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စိန့်လူးဝစ်မြို့ရှိ ဝါရှင်တန်တက္ကသိုလ်ဆေးကျောင်း ဖွံ့ဖြိုးမှုဆိုင်ရာ ဇီဝဗေဒတွဲဖက်ပါမောက္ခ အေရှန်ဂျွန်ဆင်ဦးဆောင်သောသုတေသီများက ဦးနှောက်အတွင်းပိုင်းရောင်ရမ်းမှုနှင့် အရိုးစုကြွက်သားများ အားနည်းမှုအကြား ဆက်နွယ်နေပုံကို စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဦးနှောက်အတွင်းပိုင်းရောင်ရမ်းလျှင် ပရိုတိန်းတစ်မျိုးပေါ်ထွက်လာပြီး ယင်းပရိုတိန်းက တစ်ကိုယ်လုံးရှိ ကြွက်သားများကို ပင်ပန်းနွမ်းနယ်စေနိုင်ကြောင်း ဆက်လက်ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

(SCI)

## Nicolas Cage က AI နည်းပညာကို ကြောက်သည်ဟု ဆို

ဟောလိဝုဒ်နာမည်ကျော် Nicolas Cage က AI (Artificial Intelligence) ခေါ် ဉာဏ်ရည်တုနည်းပညာ ခေတ်စားလာပြီး ဟောလိဝုဒ်ရုပ်ရှင်လောကသို့စိမ့်ဝင်လာရာမှ စိတ်ပူနေသူများတွင် ပါဝင်ပြီး ကြောက်လာသည်ဟု ပြောကြားခဲ့ကြောင်း ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ နည်းပညာသည် ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးတွင် စိမ့်ဝင်ပျံ့နှံ့လျက်ရှိပြီး ဟောလိဝုဒ်ရုပ်ရှင်လောကတွင်လည်း လွှမ်းမိုးမှုနှင့် ရင်ဆိုင်နေကာ AI နည်းပညာကြောင့် သပိတ်မှောက်မှုများ ပါရှိခဲ့ကြသည်။

အနုပညာရှင်၊အတတ်ပညာရှင်များ စိတ်ပူနေကြရာတွင် Nicolas Cage လည်း ပါဝင်ပြီး သူပါဝင်ထားသည့် Marvel ဇာတ်လမ်းတွဲသစ် Spider Man Noir တွင် AI နည်းပညာကို အသုံးပြု၍ မျက်နှာအပါအဝင် ခန္ဓာကိုယ်ကို Digital Scan ဖတ်ခဲ့သည်။

Nicolas Cage က The New Yorker ဝက်ဘ်ဆိုက်အင်တာဗျူးတွင် AI အပေါ် စိုးရိမ်မှုရှိကြောင်း၊ ဇာတ်လမ်းတွဲအတွက် တစ်နေ့လျှင် Scan နှစ်ခါဖတ်ကာ ကွန်ပျူတာထဲထည့်၍ မျက်လုံးအရောင်ပါ ပြောင်းပစ်ခဲ့ပြီး သူ့ခန္ဓာကိုယ်ကို ခိုး၍ Digital AI သုံးခြင်းကို ကြောက်ရွံ့နေမိသည်ဟု ပြောကြားသွားခဲ့သည်။

(SKY)





## ထိုင်းအနုပညာရှင် Up Poompat က လန်ဒန်တက္ကသိုလ် SOAS တွင် ကျောင်းတက်ခဲ့

ထိုင်းအနုပညာရှင် အပ်ပွန်ပက်ကို လန်ဒန်တက္ကသိုလ် SOAS မှ ကျောင်းပြီးထားပြီး ကျော်ကြားသူဆယ်ဦးစာရင်းတွင် ဖော်ပြခံရကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

ထိုင်းမော်ဒယ်လ်သရုပ်ဆောင် အပ်ပွန်ပက်သည် ၂၀၂၁ ခုနှစ်မှ စတင်ခဲ့ကာ Lovely Writer ဇာတ်လမ်းတွဲနှင့် ကျော်ကြားလာခဲ့သူ ဖြစ်သည်။

ထိုင်းအနုပညာလောကတွင်သာမက တောင်ကိုရီးယားဇာတ်လမ်းတွဲ Babel 250 တွင်လည်း ပါဝင်ထားကာ ပရိသတ်အချစ်ကို ရရှိထားသည်။

သူတက်ရောက်ခဲ့သည့် လန်ဒန်တက္ကသိုလ် SOAS မှ ကျော်ကြားသူစာရင်းထုတ်ပြန်ထားရာ အပ်ပွန်ပက်နာမည် ပါဝင်ခဲ့၍ ပရိသတ်များ ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

(SKY)

0-0-0-0-0



## Meryl Streep ၏ The Devil Wears Prada 2 နောက်ဆက်တွဲ ဇာတ်ညွှန်းရေးသားမှု စတင်

ဟောလိဝုဒ်ဝါရင့်မင်းသမီး မာရယ်စတိ၊ အန်နာဟတ်ဝေးနှင့် အီမလီဘလက်တို့ ပါဝင်ထားကြသည့် The Devil Wears Prada 2 သည် ဝင်ငွေအရရော အနုပညာအရပါ အောင်မြင်ခဲ့ပြီး နောက်ဆက်တွဲဇာတ်ကားအတွက် ဇာတ်ညွှန်းရေးသားမှု စတင်နေပြီဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါအောင်မြင်မှုကြောင့် 20th Century Studio နှင့် Disney တို့က နောက်ဆက်တွဲဇာတ်ကား Sequel ရုပ်ရှင်ကို ထပ်မံထုတ်လုပ်မည်ဖြစ်သည်။

ယင်းဇာတ်ကားနောက်ဆက်တွဲရုပ်ရှင်ကို ပထမရုပ်ရှင်ဇာတ်ညွှန်းဆရာမ အလီနီဘရွတ်မက်စ်ကန်နာက ရေးသားပေးပြီး မူရင်းဒါရိုက်တာ ဒေးဗစ်ဖရန်ကယ်က ပြန်လည်တာဝန်ယူရိုက်ကူးမည်ဖြစ်ကာ မင်းသမီးသုံးဦးပါဝင်မှုကို အတည်မပြုရသေးဟု Deadline မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

(SKY)

0-0-0-0-0

## Under Paris ငါးမန်းချစ်သူများ ဇာတ်ကား ဝင်ငွေနည်းပါး

ဟောလိဝုဒ်ရုပ်ရှင် Under Paris ငါးမန်းချစ်သူများ ဇာတ်ကားမှာ ဇာတ်လမ်းချိတ်ဆက်ပုံကောင်းခဲ့သော်လည်း မလိုလားအပ်သည့် ဇာတ်ဝင်ခန်းများပါဝင်နေရာ ပရိသတ်အားပေးမှုနည်း၍ ဝင်ငွေနည်းပါးခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဇာတ်လမ်းအစ ကောင်လေးက ရေထဲမှ ဗုံးတစ်လုံးကို သံလိုက်နှင့် ဆယ်ရာမှ ဇာတ်လမ်းနောက်ဆုံးတွင် သွားချိတ်မိပုံ၊ ငါးမန်းများ၏ မျိုးပွားအစွမ်းနှင့် ငါးမန်းအုပ်လိုက်ကြီး ပဲရစ်မြို့ရေအောက်တွင် မျိုးပွားနေပုံတို့ကို ပရိသတ်စိတ်ဝင်စားဖွယ် ရိုက်ပြထားသည်။

သာမန်ငါးမန်းဇာတ်ကားများနှင့် ယှဉ်လျှင် နိမ့်ကျနေပြီး သရုပ်ဆောင်များက လိုအပ်သည့် ဇာတ်ကောင်စရိုက်ရောက်အောင် သရုပ်မဆောင်နိုင်ဘဲ ငါးမန်းချစ်သူက ကန့်လန့်ပါနေကာ အိုလံပစ်ရေကူးပြိုင်ပွဲနှင့် ငါးမန်းထက် လူများက ပို၍စကားများနေ၍ ဇာတ်ကားမှာ ငြိမ်သက်ကာ ပျင်းရိဖွယ်ဖြစ်ခဲ့သဖြင့် ဝင်ငွေနည်းပါးရခြင်းဖြစ်သည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

(SKY)

0-0-0-0-0




## Astro မှ Cha Eun-woo က Water bomb Seoul 2024 လျှို့ဝှက်ဧည့်သည်အဖြစ် ပါဝင်ထား

ဇူလိုင်လဆန်းပိုင်းတွင် ကျင်းပခဲ့သည့် Water bomb Seal 2024 တွင် လျှို့ဝှက်ဧည့်သည်အဖြစ် ကြေညာခဲ့ရာမှ အက်စရိုမှ ချာအန်ဝူးဖြစ်နေ၍ ပရိသတ် အံ့အားသင့်ဖြစ်ခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခင်က ကြေညာခဲ့သည့် အဆိုပါပွဲ ပထမနေ့တွင် ဇီကိုခရက်ရှ်၊ ဟွာဆာ၊ ချောင်ဟာ၊ ဝူဝမ်ဂျေးနှင့် ဆူဂီတို့ ပါဝင်ပြီး နောက်ရက်တွင် ဂျေပတ်၊ ဆန်မီ၊ ချန်မို၊ ရှိုင်နီးမှ မင်ဟို၊ လီယောင်ဂီး၊ ကွမ်အွန်ဘီ၊ ဂေါ့သ်ဆဲဗင်းမှ ယူယောင်းကစ်အော့ဖ်လိုက်ဖ်၊ ပီဟာမိုနီ၊ ချိုင်ရီနာ၊ ဟိုရာတို့နှင့်အတူ အခြားအနုပညာရှင်များ ပါဝင်ခဲ့ကြသည်။

တတိယမြောက်နေ့တွင် ရှိုင်းနီးမှတေမင်၊ ဆီမွန်၊ ဒေါ်မနစ်၊ ဂျက်ဆီ၊ နာယွန်း၊ လိုကို၊ ဂရေး၊ ဝေးဗီ၊ ဘီဘီ၊ ယွန်အာ၊ အိပ်တီတူးမာဂျာ၊ ပီအိပ်ချ်ဝမ်နှင့် အခြားအနုပညာရှင်များပါဝင်ထားရာမှ လျှို့ဝှက်ဧည့်သည်အဖြစ် အက်စထရိုမှ ချာအန်ဝူး ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ (SKY)






ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ ဇူလိုင် ၂၁ ရက်က တစ်နိုင်ငံလုံးသို့ တတိယမြောက် မိန့်ခွန်းပြောကြားနေစဉ်။
**Mon**

# ကာမာလာဟဲရစ်ကို အနိုင်ရရန် ပိုမိုလွယ်ကူလိမ့်မည်ဟု သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြား

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ်မှ ဇူလိုင် ၂၁ ရက်တွင် နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိ၏နေရာတွင် ဒုတိယသမ္မဖြစ်သူ ကာမာလာဟဲရစ်ကို အစားထိုးထည့်သွင်းလိုက်ကြောင်း ၄င်းက တစ်ဆက်တည်း ထုတ်ဖော်ပြောကြားသည်။

အသက် ၅၉ နှစ်အရွယ် အိန္ဒိယ-အာဖရိကနွယ်ဖွား ကာမာလာဟဲရစ်ကို ဒေါ်နယ်လ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည့် သမ္မတလောင်းအဖြစ် ဂျိုးဘိုင်ဒင်က လူသိရှင်ကြား အမည်စာရင်းတင်သွင်းပြီးနောက် ဒီမိုကရက်တစ်ပါတီဘက်တွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။



ရှေ့လထဲ၌ ကျင်းပမည့် အမေရိကန်နိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီညီလာခံတွင် ကာမာလာဟဲရစ်ကို သမ္မတလောင်းအဖြစ် တရားဝင်မဲခွဲဆုံးဖြတ်အတည်ပြုမည်ဟု ဆိုသည်။

ဂျိုးဘိုင်ဒင်ထက် ၄င်းကို အနိုင်ရရန်ပိုမိုလွယ်ကူလိမ့်မည်ဟု ဒေါ်နယ်လ်ထရမ့်က စီအင်န်အင်န်သတင်းဌာနကို ထုတ်ဖော်ပြောကြားသည်။

စင်စစ်တွင် ကာမာလာဟဲရစ်သည် ရှေ့နေဘဝမှ ဒုတိယသမ္မတဖြစ်လာသော ဥပဒေပညာရှင်ဖြစ်ရာ ထရမ့် ထင်သလောက်လွယ်ကူစွာ ရှုံးနိမ့်မည့်သူမဖြစ်နိုင်ဟု အမေရိကန်မီဒီယာများတွင် ဝေဖန်ထောက်ပြထားကြောင်း သိရသည်။

**Mon**

# နိပ္ပွန်သံမဏိကုမ္ပဏီ၏ အကြံပေးအဖြစ် ဝန်ကြီးဟောင်း မိုက်ခ်ပွမ်ပီယိုကို ငှားရမ်း

**တိုကျို ဇူလိုင် ၂၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မိုက်ခ်ပွမ်ပီယိုကို ဂျပန်အခြေစိုက် ကမ္ဘာ့အဆင့်လေး သံမဏိလုပ်ငန်းဖြစ်သည့် နိပ္ပွန်သံမဏိကုမ္ပဏီက အကြံပေးအဖြစ် ငှားရမ်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတဟောင်းဒေါ်နယ်လ်ထရမ့်လက်ထက်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မိုက်ခ်ပွမ်ပီယိုကို ရီပတ်ဘလီကန်ဘက်ကသာမက ဒီမိုကရက်တစ်ဘက်ကလည်း လေးစားချစ်ခင်ခဲ့ကြသည်။

၄င်း၏ ယင်းကိုယ်ရည်ကိုယ်သွေးကြောင့် နိပ္ပွန်သံမဏိကုမ္ပဏီက အမေရိကန်သံမဏိအလုပ်သမားသမဂ္ဂနှင့် ညှိနှိုင်းရာတွင် လိုအပ်သလို လမ်းညွှန်အကြံပေးစေရန်အလို့ငှါ အကြံပေးအဖြစ် ငှားရမ်းလိုက်ခြင်း ဖြစ်သည်။



နိပ္ပွန်သံမဏိကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ တကဟီရောမောရီ မကြာသေးမီက အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာစဉ် မိုက်ခ်ပွမ်ပီယိုကို အကြံပေးအဖြစ် ငှားရမ်းရန် ပြောဆိုညှိနှိုင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**

# စင်ကာပူအရှေ့ပိုင်း ကမ်းရိုးတန်းဥယျာဉ်ကမ်းခြေကို တစ်စိတ်တစ်ပိုင်းသာ ပြန်လည်ဖွင့်လှစ်နိုင်

**စင်ကာပူ ဇူလိုင် ၂၂**

ယခင်လက ဖြစ်ပွားခဲ့သည့် ရေနံစိမ်းယိုစိမ့်မှုကြောင့် ရေနံများဖြင့် ညစ်ညမ်းနေသော ကမ်းခြေများကို စင်ကာပူအာဏာပိုင်များက သန့်ရှင်းရေးပြုလုပ်ခဲ့သော်လည်း အရှေ့ပိုင်းကမ်းရိုးတန်းဥယျာဉ်ကမ်းခြေကို ဇူလိုင် ၂၂ ရက်က တစ်စိတ်တစ်ပိုင်းသာ ပြန်လည်ဖွင့်လှစ်နိုင်သေးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသို့ ဖွင့်လှစ်ထားသော ကမ်းခြေကို အများပြည်သူလာရောက်လည်ပတ်ရန် စင်ကာပူအမျိုးသားပတ်ဝန်းကျင်အေဂျင်စီက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပင်လယ်ရေပြင်သန့်စင်မှုအခြေအနေကို စောင့်ကြည့်နေရဆဲဖြစ်ရာ ရေကူးသူများကို လာရောက်ခွင့်ပြုနိုင်မည်မဟုတ်သေးကြောင်း သိရသည်။

**Mon**

0-0-0-0-0



# တရုတ်နိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်ရေကြီး ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်နေရဆဲ



**ပေကျင်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်ရေကြီးမှုများ ဖြစ်ပွားလျက်ရှိရာ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်နေရဆဲဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် ဟောနန်၊ ရှန်းရှီ၊ စီချွမ် စသောပြည်နယ်များတွင် မိုးသည်းထန်ရေကြီးမှုကို အဆိုးရွားဆုံးကြုံတွေ့နေရသဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအတွက် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၁၅ သန်းနှင့် ညီမျှသော တရုတ်ယွမ်သန်း ၃၅၀ ကို သုံးစွဲခွင့်ပြုထားကြောင်း တရုတ်နိုင်ငံလုံးဆိုင်ရာဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ထုတ်ပြန်ကြေညာသည်။

ထိုသို့ခွင့်ပြုသော အသုံးစရိတ်ကို အဆိုပါပြည်နယ်များရှိ ရေဘေးသင့် စာသင်ကျောင်း၊ ဆေးရုံစသော အခြေခံအဆောက်အအုံများကို ပြုပြင်တည်ဆောက်ရာတွင် အသုံးပြုရမည်ဟု ဆိုသည်။

ဇူလိုင် ၂၁ ရက်တွင် ကျင်းချန်မြစ်ရေစီးဆင်းသည့် အမြန်နှုန်း လျော့ကျသွားသကဲ့သို့ ရေကြီးသည့် အခြေအနေလည်း ငြိမ်သက်လာနေပြီဖြစ်ရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ် ဆောင်နိုင်မည်ဟု ကယ်ဆယ်ရေးသမားများက ပြောကြားကြောင်း သိရသည်။ **Mon**

# ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့် မီးရထားလမ်း လောင်စာဆီဖိုး ဒေါ်လာသန်း ၁၀၀ ကျော် သက်သာစေခဲ့

**ဂျကာတာ ဇူလိုင် ၂၂**

အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့် မီးရထားလမ်းကြောင့် နိုင်ငံတော်အတွက် တစ်နှစ်လျှင် လောင်စာဆီဖိုး အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော် သက်သာစေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလက ဝှုရှ်ရထားဟု အမည်ပေးထားသည့် မြန်နှုန်းမြင့်ခရီးသည်တင်မီးရထားကို အဆိုပါမီးရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲခဲ့သည်။

အရှေ့တောင်အာရှတွင် ပထမဆုံးမြန်နှုန်းမြင့် မီးရထားအဖြစ် သမိုင်းဝင်ခဲ့သည့် ဝှုရှ်ရထားကို စာသင်ကျောင်းများပိတ်သည့် ယခုလအတွင်း နေ့စဉ်ခရီးသည် ပေါင်း ၂၄၁၃၅ ဦး စီးနင်းလိုက်ပါခဲ့ကြောင်း အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီး အဲရစ်သိုဟာက အတည်ပြုပြောကြားသည်။

ထိုမြန်နှုန်းမြင့်ရထားကြောင့် ပြည်တွင်းခရီးသွားလုပ်ငန်းလည်း များစွာ ဖွံ့ဖြိုးလာသည်ကိုတွေ့ရသည်ဟု ၄င်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**Mon**




# ခရောက်စထရိုက်အိုင်တီပြဿနာ တရုတ်နိုင်ငံတွင် ကြုံတွေ့ရခြင်း မရှိ


**ပေကျင်း ဇူလိုင် ၂၂**

လွန်ခဲ့သောရက်ပိုင်းအတွင်း ကမ္ဘာ့နိုင်ငံများစွာတို့တွင် ဖြစ်ပွားခဲ့သည့် ခရောက်စထရိုက် အိုင်တီပြဿနာ တရုတ်နိုင်ငံတွင် ကြုံတွေ့ရခြင်းမရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် ခရောက်စထရိုက်အိုင်တီလုံခြုံရေးကုမ္ပဏီမှ စတင်ဖြစ်ပွားကာ ဝင်းဒိုးစ်ကွန်ပျူတာများ ရုတ်တရက်အလုပ်မလုပ်တော့ဘဲ အပြာရောင်မျက်နှာပြင်ကိုသာတွေ့ရသဖြင့် များစွာ အခက်တွေ့ခဲ့ကြရသည်။

တရုတ်နိုင်ငံအနေဖြင့် ခရောက်စထရိုက်ကုမ္ပဏီနှင့် ချိတ်ဆက်ထားခြင်းမရှိသဖြင့် ယင်းအိုင်တီပြဿနာမှ ကင်းလွတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ဆင်ပေါင်ဝဲ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign ကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်းနှင့် စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၁ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zu Ye Moe" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ ဇူရဲမိုးအား ည ၁၂ နာရီ မိနစ် ၄၀ တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၂၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၁၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းအခြေပြု လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၉ရက် နံနက် ၁၀နာရီက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ ဇရာရပ်ကွက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ အမှတ်(၁)နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ဧည့်ခန်းမတွင် လူကုန်ကူးမှု၊ လူမှောင်ခိုနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယ တပ်ဖွဲ့စုမှူး၊ ဒုတိယရဲမှူး သိန်းထိုက်အေးက လူမှောင်ခို၊ လူကုန်းကူးမှု ဖြစ်စဉ်များနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များဝေငှပေးခဲ့ပြီး ဟောပြောပွဲသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ အမှတ်(၁)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၂)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအိုက်သဲနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၄၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Pipe ၄၀၁၀၀ ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၉ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ သထုံမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပုစွန်နှစ်ကောင်စားသုံးဆီ ငါးလီတာပါ ၆၈၀ဘူး၊ ပုစွန်တစ်ကောင် စားသုံးဆီ ၁၈လီတာပါ ပုံး ၁၇၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Canter နှစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၀ ဒသမ ၁၀၅)တန်၊ သစ်မာ(၅ ဒသမ ၆၃၃)တန်၊ အခြားသစ် (၀ ဒသမ ၄၃၁)တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Honda Freed မော်တော်ယာဉ် တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan AD Van နှစ်စီး၊ Toyota Wish တစ်စီး၊ Honda Fit တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)








## လက်ကောင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

ပုသိမ်ကြီး ဇူလိုင် ၂၂

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၀၀.၄၂နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မန္တလေးခရိုင် မီးသတ်စခန်းမှမီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ပုသိမ်ကြီးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သနေ္ဓမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်ထွက်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ နံနက် ၀၀.၄၆ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောနယ်မြေရဲစခန်းက စစ်ဆေးကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)သို့ တက်ရောက်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးတွင် လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ လယ်ယာမြေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာအသုံးချနိုင်ရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေအသုံးချမှုကိစ္စရပ်များနှင့် ပတ်သက်၍ မူဝါဒများ၊ ညွှန်ကြားချက်များ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများ(SOP) များနှင့်အညီ စနစ်တကျ ကြပ်မတ်ကာ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ (ယာပုံ)

၎င်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးစံရဲကျော် က လယ်ယာမြေဥပဒေပုဒ်မ-၃၀(က)(ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ စိစစ်တင်ပြရန်လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။




(မန္တလေးနေ့စဉ်)

## ရှမ်းယူနိုက်တက်ကို အနိုင်ယူကာ အမှတ်ပေးဇယား ဆက်လက်ဦးဆောင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်



Myanmar Women League အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-9)ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေက စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲချိန် ၆ မိနစ်တွင် ဦးဆောင်ဂိုးစတင်ရခဲ့ပြီး ပွဲကို ဦးဆောင်ခဲ့သည်။ သို့သော် ပွဲချိန် ၁၆ မိနစ်တွင် ချေပဂိုးပြန်လည်ပေးခဲ့ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို နန်းဖြူဖြူသွယ်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုးရရှိရန် တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန် ၅၇ မိနစ်တွင် ဒုတိယဦးဆောင်ဂိုး ထပ်မံရခဲ့သည်။ ယင်းဂိုးကို တောင်ပံတိုက်စစ်မှူး ယွန်းဝတီလှိုင်က သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးရရှိအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ထပ်မံဂိုးရရှိရန် ကြိုးပမ်းခဲ့သလို ရှမ်းယူနိုက်တက်အသင်းသည်လည်း တန်ပြန်တိုက်စစ်များဖြင့် တုံ့ပြန်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးတို့ကို Win Theingi Tun နှင့် နှင်းလင်းလတ်လှိုင်တို့က သွင်းယူပေးခဲ့သည်။ (NGB)

## မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးလျက်ရှိ

**ကျွန်းလှ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံမျိုးစုံအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးတဲ့တောင်သူတွေကို စိုက်ပျိုးစရိတ်ထုတ်ချေးပေးလျက်ရှိပါတယ်။ စိုက်ပျိုးစရိတ်ထုတ်ချေးပေးရာမှာ စပါးတစ်ဧက ငွေကျပ် တစ်သိန်းခွဲနဲ့ အခြားသီးနှံတစ်ဧက ငွေကျပ် တစ်သိန်းကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်း ဖြစ်ပါတယ်။ အခုလက်ရှိအချိန်ထိ ကျေးရွာအုပ်စုလေးအုပ်စုမှ တောင်သူ ၁၁၂ ဦးအား စပါး ၂၂၄ ဧကနဲ့ အခြားသီးနှံ ၃၉၄ဧက၊ စုစုပေါင်း ငွေကျပ် ၇၆၂၅၀၀၀၀ ထုတ်ချေးပေးပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ တောင်သူများကိုလည်း ထုတ်ချေးပေးရန် စီစဉ်လျက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန်နေဂျာက ပြောသည်။ (ဝဲပုံ)

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၃၂၀ ဦးအား၊ စပါး ၆၀၀ ဧက၊ အခြားသီးနှံ ၁၁၀၀ ဧက၊ စုစုပေါင်း ၁၇၀၀ ဧကအတွက် ငွေကျပ်သိန်း ၂၀၀၀ ထုတ်ချေးပေးရန်လျာထားကြောင်း သိရသည်။ (၄၈၀)



## ကျောက်ဆည်မြို့နယ်တွင် စပါးစိုက်ခင်းအတွင်း အသုံးပြုရန်အတွက် နမ်းရိုးသဘာဝမြေဆွေး(မြေသြဇာ)များ လက်တွေ့ပြုလုပ်

**ကျောက်ဆည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဓာတုဓာတ်မြေသြဇာများအစား စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဓာတုဓာတ်ကြွင်းကင်းသည့် ဆန်စပါးများ ထွက်ရှိစေရေးအတွက် ယနေ့ နံနက် ၁၀ နာရီက သမန္တလင်း ကျေးရွာအုပ်စုမှ တောင်သူဦးဇော်လင်းမောင် စိုက်ပျိုးထားသော စပါးစိုက်ပျိုးခင်းများတွင် အသုံးပြုရန်အတွက် နမ်းရိုးသဘာဝမြေဆွေးများ လက်တွေ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ နမ်းရိုးသဘာဝမြေဆွေးပြုလုပ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ အရည်အသွေးပြည့်မီသည့် မြေဆွေးရရှိရေး၊ ဖုံးအုပ်ရာတွင် အသုံးပြုရန်အတွက် ပလတ်စတစ်အပါးစများ၊ အကာအရံအတွက် ဝါးကပ်ကြမ်းနှင့် ဝါးတိုင်များအသုံးပြုခဲ့ပြီး အလျား(၄)ပေ၊ အနံ(၃)ပေ၊ အမြင့်(၃)ပေ ကန့်ပြုလုပ်ကာ နမ်းရိုး၊ ဖွဲနု၊ အသင့်သုံး(EM) အရည်များနှင့် ပြုလုပ်ခဲ့ကြောင်းနှင့် (၁၄)ရက်အကြာတွင် သဘာဝမြေဆွေးအဖြစ် စိုက်ခင်းများတွင် စတင်အသုံးပြုနိုင်ကြောင်း၊ စပါးတစ်ဧကအတွက် နမ်းရိုးသဘာဝမြေဆွေးကန့်(၆)ကန့်ပြုလုပ်၍ အသုံးပြုမှသာ စပါးအတွက်လိုအပ်သည့် အာဟာရများ ပြည့်ဝစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



သဘာဝမြေဆွေးများ ပြုလုပ်ရာတွင် တိရစ္ဆာန်များ၏ အညစ်အကြေးများ၊ စွန့်ပစ်အပင်များ၏ အသီး၊ အရွက်၊ အရိုးစသည့် အမျိုးမျိုးတို့ဖြင့် ပြုလုပ်နိုင်ပြီး နွားချေးဖြင့် အလျား(၆)ပေ၊ အနံ(၄)ပေ၊ အမြင့်(၃)ပေ အရည်အသွေးပြည့် သဘာဝမြေဆွေး ပြုလုပ်မည်ဆိုပါက ဝါးကပ်ကြမ်းအတွက်ငွေ(၁၄၀၀၀)ကျပ်၊ ဝါးတိုင်အတွက်ငွေ(၁၈၀၀၀)ကျပ်၊ နွားချေးအတွက်ငွေ(၁၅၀၀၀)ကျပ်၊ ဖွဲနုအတွက်ငွေ(၃၀၀၀၀)ကျပ်၊ အဖုံးအကာပလတ်စတစ်အတွက်ငွေ (၂၁၀၀၀)ကျပ်၊ အသင့်သုံး(EM)အတွက် ငွေ(၁၈၀၀၀)ကျပ် ခန့်ကုန်ကျကြောင်း သိရသည်။ (၄၈၅)

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြစ်ကြီးနား ဇူလိုင် ၂၂**

ကချင်ပြည်နယ်၊မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် မီးသတ်စခန်းတွင် စခန်းသန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ဇူလိုင် ၂၀ ရက်၊ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်မှုကို ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ကြီးကြပ်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထစ်ရှင်းလင်းခြင်း၊ အမှိုက်လှည်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၀၅၇)

# နိုင်ငံတကာ အားကစား သတင်းများ

## မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများရယူသွားမည်ဟု တာလန်းပြောကြား

**မန်ချက်စတာ ဇူလိုင် ၂၂**

မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်း တိုက်စစ်မှူး



သစ် တာလန်းက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီတွင် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီး တိုက်စစ်မှူးသည် လက်ရှိဈေးကွက် အတွင်းတွင် ဘရိုက်တန်အသင်းနှင့် လမ်းခွဲပြီးနောက် မန်ချက်စတာယူနိုက်တက် အမျိုးသမီး အသင်းသို့ ၂ နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး တာလန်းသည် ဘရိုက်တန်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားပြီး ၂၃ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တာလန်းက ကျွန်မ မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းနှင့်အတူ လာမည့်ဘောလုံးရာသီမှာ အောင်မြင်မှုတွေရယူသွားမှာပါ။ ဒီလို ကြီးကျယ်ခမ်းနားတဲ့ အသင်းကို ပြောင်းရွှေ့ခွင့်ရလို့ အထူးကျေးဇူးတင်ပါတယ်။ ကျွန်မကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်ဟု ပြောသည်။

(ဝဲပုံ)

(NGB)



## 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Arthur Fils ဆွတ်ခူး

**ဟမ်းဘတ် ဇူလိုင် ၂၂**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ် တင်းနစ်ကစားသမား Arthur Fils က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ် ကစားသမား Arthur Fils သည် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၃၊ ၃-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ "Arthur Fils က 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## တီယာနေး ကြွက်သားဒဏ်ရာကြောင့် ရာသီကြိုခြေစမ်းပွဲစဉ်များအား လွဲချော်မည်

**လန်ဒန် ဇူလိုင် ၂၂**

အာဆင်နယ်အသင်း နောက်ခံကစားသမား တီယာနေး ကြွက်သား ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းမရှိသေးသောကြောင့် အသင်း၏ ရာသီကြိုခြေစမ်းပွဲစဉ်များ လွဲချော်သွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် စကော့တလန်အသင်းနှင့်အတူ ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား တီယာနေး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စကော့တလန်လက်ရွေးစင်အသင်းသာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တီယာနေးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ ပွဲကစားကာ ၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (အပေါ်ယာပုံ)(NGB)



## ကိုးလ်ပါလ်မာအား လုပ်ခလစာတိုးမြှင့်၍ နှစ်ရှည်စာချုပ် ချုပ်ဆိုရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၂**

ချဲလ်ဆီးအသင်းသည်အသင်း ကွင်းလယ်တိုက်စစ် ကစားသမား ကိုးလ်ပါလ်မာအား လုပ်ခလစာ တိုးမြှင့်၍ နှစ်ရှည်စာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၅ ပွဲ ကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်စီစဉ်လာခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် ကိုးလ်ပါလ်မာအား လုပ်ခလစာတိုးမြှင့်၍ နှစ်ရှည်စာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါဟု ထုတ်ပြန်သည်။

(ယာပုံ)(NGB)



## ဂျေဒင်ဘိုးဂဲလ် လိဒ်စ်အသင်းတွင် ကျောနံပါတ် ၂ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၂၂**

နောက်ခံကစားသမား ဂျေဒင်ဘိုးဂဲလ် လိဒ်စ်အသင်းတွင် ကျောနံပါတ် ၂ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ဂျေဒင်ဘိုးဂဲလ်သည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ




လိဒ်စ်အသင်းသို့ လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ဂျေဒင်ဘိုးဂဲလ်သည် ရှက်ဖီးလ် ယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ ပွဲ ကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

လိဒ်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့် ထားပြီးဖြစ်သည်။

(ဝဲပုံ)

(NGB)

## အန်ဂိုလိုကန်တီ အယ်လ်အစ်တီဟတ်အသင်းတွင် ဆက်ရှိသွားမည်



**လန်ဒန် ဇူလိုင် ၂၂**

ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်း ကွင်းလယ်ကစားသမား အန်ဂိုလိုကန်တီက မိမိအနေဖြင့် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။ (ဝဲပုံ)

ကွင်းလယ်ကစားသမား အန်ဂိုလိုကန်တီသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၆ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ အန်ဂိုလိုကန်တီက "ကျွန်တော် အယ်လ်အစ်တီဟတ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။ (NGB)

### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-က) နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၃-၇-၂၀၂၄ အင်္ဂါနေ့ | ည ၇း၀၀ နာရီ | အင်ဒိုနီးရှား - တီမော |
| ။ | ။ | ကမ္ဘောဒီးယား - ဖိလစ်ပိုင် |

## ဒေါ့မွန်အသင်းက BG ပါသွန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်

**မြူးနစ် ဇူလိုင် ၂၂**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် BG ပါသွန်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒေါ့မွန်အသင်းက BG ပါသွန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

BG ပါသွန်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၄မိနစ်တွင် Lorenzen၊ ပွဲချိန် ၄၄မိနစ်တွင် Dangda၊ ပွဲချိန် ၆၅မိနစ်နှင့် ၈၈မိနစ်တွင် Wonggorn တို့က အသီးသီး သွင်းယူပေးခဲ့သည်။

BG ပါသွန်အသင်းကို ရှုံးနိမ့်ခဲ့သည့် ဒေါ့မွန်အသင်းသည် ဂျပန်သို့ သွားရောက်ပြီး လာမည့် ဇူလိုင် ၂၄ ရက်တွင် ဂျေလိဂ်ကလပ် စီရီဇိုအိုဆာကာအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။



(အပေါ်ပုံ)(NGB)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရှိ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနများသို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်ရုံနှင့်မော်တော်ယာဉ်ဌာနသို့ ရောက်ရှိပြီး မန္တလေး မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနေသည့် လုပ်ငန်းသုံးမော်တော်ယာဉ်မျိုးစုံ၊ စက်ယန္တရားယာဉ်ကြီးများနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်ကြီးများနှင့် ယန္တရားမော်တော်ယာဉ်ကြီးများကို ဂရုတစိုက်ကိုင်တွယ်အသုံးပြုရေး၊ စနစ်တကျထားရှိရေး၊ လိုအပ်သည့်ပစ္စည်းများ ကြိုတင်ဖြည့်တင်းထားရှိရေး၊ မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ် အခြေအနေများ၌ ဖြစ်ပွားသည့်နေရာများသို့ အချိန်မီရောက်ရှိပြီး ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် အသင့်ပြင်ဆင်ထားရှိရေး၊ ကြုံတွေ့လာပါက အားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနရှိ မနော်ရမ္မံ ပျိုးဥယျာဉ်ခြံသို့ရောက်ရှိပြီး မန္တလေးမြို့တော် စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သည့်နေရာများတွင် စိုက်ပျိုးနိုင်ရန်အတွက် အရိပ်ရအပင်များ၊ အလှပန်းပင်များကို ပျိုးပင်ကြီးများ၊ ပျိုးပင်ငယ်များဖြင့် စိုက်ပျိုးထားမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)












## စားအုံးဆီ လက်ကားရည်ညွှန်းဈေး အနည်းငယ်တက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဇူလိုင် ၁၅ ရက်မှ ၂၁ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၄၁၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်း ဈေးသည် ငွေကျပ် ၅၄၆၀ ဖြစ်သဖြင့် ဈေးအနည်း ငယ်မြင့်တက်သွားခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သင်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါသည်။

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကား ရည်ညွှန်းဈေးသည် ရန်ကုန်အထိုင် လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံ အရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်း မှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီ ဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်း မရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလာတက္ကသိုလ်တွင် ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၂၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စီစဉ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ်ဝင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားလုပ်ငန်းဆက်စပ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်နေရာတွင် အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို အတူတကွစိုက်ပျိုးခဲ့ကြသည်။



ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင်အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါးစိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပြာ၊ ခရေ၊ မဲဇလီ၊ ကုက္ကို၊ တလေဘူတ၊ ငုဝါစသည့် သစ်မျိုး ၆ မျိုး၊ စုစုပေါင်း ၃၀၀ ပင်အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







သတင်း–စာမျက်နှာ ၁၂ မှ



# မနော်ရမ္မံကွင်းတွင် မြို့တော်ညဈေးဖွင့်လှစ်ရေး ပြင်ဆင်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၂လမ်းနှင့် ၆၂(A)လမ်းကြား၊ ၃၉လမ်းနှင့် ၄၁လမ်းကြား၊၆၂လမ်း၏အနောက်ဘက်ခြမ်း၊ မနော်ရမ္မံကွင်း၊ဧရိယာ(၅၃၀၇၃)စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ (၂၅၄၂၅)စတုရန်းပေ အပါအဝင် စုစုပေါင်းဧရိယာ(၇၈၄၉၈)စတုရန်းပေအကျယ်ရှိ မြေနေရာတွင် မြို့တော်ညဈေးဖွင့်လှစ်ရန် ဇူလိုင် တတိယပတ်က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်ညဈေးဖွင့်လှစ်နိုင်ရေးအတွက် မဟာအောင်မြေမြို့နယ်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် ၄၁လမ်းကြား အနောက်ဘက်ခြမ်းတွင် လမ်းဘေးပလက်ဖောင်းများ မြှင့်တင်၍ ကွန်ကရစ်ခင်းခြင်း၊ ရေဆင်းမြောင်းများကို ဇူလိုင် ဒုတိယပတ်က ပြုလုပ်ခဲ့သည်။

မြို့တော်ညဈေး(မနော်ရမ္မံ)ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းအတွင်းတွင် WinHap Co, Ltd က လျှပ်စစ်မီးများ အလှဆင်သွယ်တန်းခြင်း၊ ဆိုင်ခန်းနေရာများ ရေဝပ်မှုမရှိစေရေး ကွန်ကရစ်ခင်းခြင်း၊ ရေမြောင်းများဖောက်လုပ်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ မြို့တော်ညဈေးဆိုင်ခန်းဖွင့်လှစ်လိုသူများ ဖုန်း ၀၉-၅၁၇၈၄၇၆နှင့် ဖုန်း ၀၉-၄၄၄၀၂၂၂၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ယာပုံ)

(၀၄၅)



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာသူများဖြင့် စည်ကား



**ညောင်ဦး ဇူလိုင် ၂၂**

ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများက သည်။ **(အပေါ်ပုံ)**

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီးမဟုတ်သည့်နေ့များတွင်ပင် ဘုရားဖူးများ အမြဲလာရောက်လျက်ရှိသည့် ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများနှင့်သော်လည်းကောင်း လာရောက်ဘုရားဖူးလျက်ရှိကြရာ ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ဇူလိုင် ၂၀ ရက် ဝါဆိုလပြည့်(ဓမ္မစကြာနေ့)နံနက် ၄ နာရီမှစတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်သို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိနေကြကြောင်း ရွှေစည်းခုံဘုရားရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးက ပြောသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၈ ဆူအား ဝါတွင်းကာလ၌ နံနက် ၅နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်များ ကောင်းနေကြကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူးဝင်ရောက်မှုများ ပြားခဲ့သည်။

ဝါဆိုလပြည့်(ဓမ္မစကြာနေ့)တွင် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေးတစ်လျှောက် ဖွင့်လှစ်ထားရှိသည့် အညာရိုးရာထန်းတဲများတွင်လည်း ဘုရားဖူးကားများ ပြည့်နေကြောင်း၊ ဘုရားဖူးလာဧည့်သည်များသည် သမိုင်းအထင်ကရဘုရားများသို့သာ သွားရောက်ဖူးမြော်ကြသည် မဟုတ်ကြဘဲ ဘုရားသုံးဆူ၊ လေးမျက်နှာဘုရား၊ သစ္စာဝတီဘုရား၊ ဝတ္တနထောဘုရားစု၊ ဆူးလေကုန်းဘုရား၊ ကျောက်မျက်မှော်ဘုရား၊ အရှေ့ဘက်လိပ်ဘုရား၊ အနောက်ဘက်လိပ်ဘုရား၊ စိမ်းညက်ညီအစ်မဘုရား၊ သိကြားပုန်းဘုရား၊ သကြားဟစ်ဘုရား၊ ခြောက်ဘုရားလှ၊ နန်းဦးဘုရား၊ နတ်လှောင်ကျောင်း၊ ငကြဲနားဋ္ဌောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဥပါဠိသိမ်၊ ရွှေလိပ်တူးဘုရားနှင့် လူသူအရောက်အပေါက်နည်းသည့်ဘုရားများသို့ ပြည်တွင်းဧည့်လမ်းညွှန်များ ငှားရမ်းကာ သွားရောက်၍ နံရံဆေးရေးပန်းချီလေ့လာခြင်း၊ ရှေးဟောင်း အင်္ဂတေပန်းများ လေ့လာခြင်း၊ များပြားလှသည့်ဘုရားများအား ပုံစံမတူတည်ဆောက်ပုံများ လေ့လာကြကြောင်း ပြည်တွင်းဧည့်လမ်းညွှန် ဦးထက်တင်စိုးက ပြောသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ဘုရားဖူး အများအပြားဝင်ရောက်ခဲ့ကာ ကျယ်ဝန်းပြီး ဘုရားစေတီ၊ ပုထိုးပေါများသည့် ပုဂံရှေးဟောင်းနယ်မြေတွင် နေရာတိုင်းဘုရားဖူးများရှိနေကြောင်း ပြည်တွင်းဧည့်လမ်းညွှန်များထံမှ သိရသည်။ **(၄၈၁)**



## ဟိုပုံးမြို့၌ ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၌ ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဟိုပုံးမြို့ သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီးတွင် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဟိုပုံးမြို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ တုမ်ခမ်းကျောင်းတိုက်ဆရာတော် ဦးအာလောကနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအား ပင့်သံဃာဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ခြင်း၊ ဟိုပုံးမြို့ တုံခမ်းကျောင်းဆရာတော်ဦးဥတ္တမက ဘုရားပင့်ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဘုရားအကျိုးတော်ဆောင်ဂေါပကတစ်ဦးမှ နတ်ဗြဟ္မာများအား ပင့်ဖိတ်ကာ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်ခဲ့ကြပြီး တုံခမ်းကျောင်းဆရာတော်ထံမှ ဩဝါဒကထာ မြွက်ကြားမှုကို နာယူခဲ့ကြသည်။

၎င်းနောက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ခဲ့ကြကာ အလှည့်ကျဘာဏကဆရာတော်က ပဋ္ဌာန်းဒေသနာတော်အား စတင်ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲရွတ်ဖတ် ပူဇော်ပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိ ၅ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

## ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၁နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီးအသင်းအား ထောက်ပံ့

**မန္တလေး ဇူလိုင် ၂၂**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ပေါင်းလောင်းဘောလုံးကွင်း၊ လယ်ဝေးဘောလုံးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် ၁၅ သင်း ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းသည် အုပ်စု(က) တွင်ပါဝင်နေပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ် အသင်းများနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်ပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင် မည့်ကစားသမားများနှင့် နည်းပြအဖွဲ့ဝင်များအတွက် ဝတ်စုံများ၊ အသင်းရန်ပုံငွေကျပ်တစ်သိန်းကို မန္တလေးဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း ဦးဆောင်သောအသင်းအမှုဆောင်များက ဇူလိုင် ၂၀ ရက်က ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(၀၄၅)**

## ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၆၃၉၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ ငရုတ်စိုက်ဧက ၃၆၃၉၄ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ ငရုတ်သီးနှံလျာထားဧက ၃၇၅၀၀ ကို မေလနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်အထိ ငရုတ်စိုက်ပျိုးပြီးဧကသည် ၃၆၃၉၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံ ငရုတ်လျာထား ဧက ၃၇၅၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ လက်ရှိမှာတော့ ငရုတ်စိုက်ပျိုးပြီး ဧကဟာ ၃၆၃၉၄ ဧက စိုက်ပြီးနေပါပြီ။ မိုးမှာတော့ စားဖိုဆောင်သီးနှံအနေနဲ့ ငရုတ်တစ်မျိုးတည်းကိုပဲ စိုက်ပျိုးသွားမှာပါ။ ကျန်တဲ့သီးနှံတွေ စိုက်ပျိုးတာမပါသေးပါဘူး။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေတင်သွင်းရောင်းချစရာမလိုတော့မှာ ဖြစ်ပါတယ်။စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနကနေဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ပြောသည်။ **(ယာပုံ)**

အဆိုပါ စားဖိုဆောင်သီးနှံ ငရုတ်ကို ဧက ၃၇၅၀၀ လျာထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးထားသည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ကြောင်း၊ ထိုမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံစိုက်ပျိုးရာ၌ မရှိမဖြစ် အသုံးဝင်သည့် သီးနှံဖြစ်သော ငရုတ်ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(၀၃၄)**



## ပါဝါရုံရွှေပန်းမြိုင်စေတီတော်မြတ်ကြီးတွင် ဝါဆိုကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**ပွင့်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သရက်အုပ်ကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာအနီး တည်ထားကိုးကွယ်ထားရှိသော ပါဝါရုံရွှေပန်းမြိုင် စေတီတော်မြတ်ကြီးတွင် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ဝါဆိုကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဝါဆိုကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပါဝါရုံ ရွှေပန်းမြိုင်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်စေတီတော်ဂေါပကအဖွဲ့ဝင်များက ပါဝါရုံ ရွှေပန်းမြိုင်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်၍ စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓဆင်းတု တော်(၂၅)ဆူအား ဝါဆိုကြာသင်္ကန်းများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပါဝါရုံရွှေပန်းမြိုင်စေတီတော်မြတ်ကြီး၏ နာယကဆရာတော်ဘဒ္ဒန္တဇောတိက(တိုင်းဒေသကြီးသံဃနာယက ဝန်ဆောင်ဆရာတော်)ထံမှ အနုမောဒနာတရားနာယူကြည်ညိုပြီး နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှတမ်းပေးဝေခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာအနီးရှိ ပါဝါရုံရွှေပန်းမြိုင်စေတီတော်မြတ်ကြီးသည် မြို့နယ်အတွင်းရှိ သာသနာ့သမိုင်းဝင် ရုံလေးရုံဘုရား(၄)ဆူတွင် တစ်ဆူအပါအဝင်ဖြစ်ကာ ဘဒ္ဒကမ္ဘာတွင် တတိယပွင့်တော်မူသည့် ကဿပဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက သီတင်းသုံးနေထိုင်ခဲ့သည့် စေတီတော်မြတ်ကြီးဖြစ်၍ ဗုဒ္ဓဘာသာအထိမ်းအမှတ် နေ့ထူးနေ့မြတ်များနှင့် ရုံးရက်ရှည် ပိတ်ရက်များတွင် ရပ်ဝေး၊ရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း အဆိုပါစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးပါထံမှ သိရသည်။

(၄၄၅)

## အသင်းဝင်သစ်များအား ကြိုဆို

**ပုသိမ်ကြီး ဇူလိုင် ၂၂**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်သစ် သုံးဦးအား ကြိုဆိုပွဲကို ဇူလိုင် ၂၁ရက် နံနက် ၉နာရီက ပုသိမ်ကြီးမြို့ အောင်မင်္ဂလာ(၁)ရပ်ကွက်၌ ကျင်းပရာ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း နာယကများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များက ကြိုဆိုမိတ်ဆက်ကြပြီး အသင်းဝင်သစ်များ ဖြစ်ကြသော ရဟန်းစာဆိုမြတ်ဘုန်းခေါင်PKU၊ ဆရာ မောင်ဘိုသိန်း(မန္တလေး)နှင့် ဆရာမ ဆူးခက်နွယ်(မန္တလေး) တို့က အသင်းဝင်ကတ်များနှင့် ရင်ထိုးတံဆိပ်များ လက်ခံကြကာ တစ်ဦးချင်း မိတ်ဆက်ကြသည်။

ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းသည် အသင်းဝင် ၉၀ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၄၀)



## ဆန်စက်နှင့်ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**သရက် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဆန်စက်နှင့်ဆန်လုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများအား အရည်အသွေးကောင်းမွန်သော ဧည့်မထဆန် တစ်ပြည်လျှင် ငွေကျပ်၃၀၀၀နှုန်းဖြင့် ရောင်းချပေးခြင်းကို ဇူလိုင် ၂၂ရက် နံနက်၈နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဓမ္မာရုံတွင် ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ဆန်ရောင်းချပေးရာတွင် အများပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် စားသုံးနိုင်ရေးအတွက် တစ်အိမ်ထောင်တစ်ပြည်နှုန်းဖြင့် ဆန်အိတ် ၁၅အိတ် ရောင်းချပေးနေမှုကို စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**





ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယမုန်နာလေး

## ကျွန့်ဆန္ဒ

✳ သီချင်းလေးထဲက ဆွမ်ပရာဗွမ်
တောင်နံရံ ပတ်ကာဆီး
ပျော်ခရီး သွားလိုက်ချင်ရဲ့ ။
✳ ကျိုင်းတုံနဲ့ မိုင်းဆတ်မြေ
တာချီလိတ်လေ အရောက်သွား
အေးချမ်းပ အရှေ့ဖျားနယ်
တကယ်လေ လည်ပတ်ချင်မိ ။
✳ တောင်ကြီးဆို အိပ်မက်လား
ဈေးနားမှာ ပဲပုပ်စပ်
နပ်ထားတဲ့ မုန်ညင်းချဉ်
ဆေးခါးရည် ဟင်းရည်ပူနဲ့
ရှမ်းပအိုဝ့်ခွင် ချဉ်တပ်မိသေး ။
✳ အင်းလေးနဲ့ ခေါင်တိုင်နော်
အင်းသားပျော် ရေပေါ်စိုက်ခင်း
ဘုရားဖူးရင်း လှေစီးရအောင်
ဖင်ယော်တောင် ကဲဆန့်ပျော်စရာ ။
✳ ကလောမယ် တိမ်ပယ်လယ်ရှ
ခံစားမှု ကော်ဖီခါး
ရှေ့နားက ဝက်ဖြူရေ
လေ့ကားမသွေ တောင်ဆင့်ဆင့်
တိုးချင့်လို့ မွှေ့စရာ ။
✳ လားရှိုးမသွေ ရေပူစမ်း
ဆင်တောင်ကို လှမ်းကာကြည့်
ဦးထုပ်ပင် ငြိရတယ်
ရှမ်းမြောက်ရယ် သီးစုံပေါ်ဘိ
တိုးကြည့်လို့ အေးချမ်းရာ ။
✳ မန်းနယ်နဲ့ ဇေယျာမြေ
အမွေလေ သာသနာ့နိမိတ်
အောင်ဟိတ်နဲ့ မဟာမုနိ
မချိပါ ဝမ်းသာလုံး
အပြုံးတွေ ပုဂံမြေထိ ။
✳ တောင်ကိုဆင်း ဘုရင့်နောင်
ကုန်းဘောင်မတိုင် ထက်တန်ခိုး
အင်းဝမျိုး ခေတ်အပြိုင်
တန်ခိုးပိုင်တာ မြန်မာတွေအသိ ။
✳ ဒဂုံမြေက ရွှေတိဂုံ
လက်စုံယှဉ် ဦးနှိမ်ချ
ရန်ကုန်ရ အတိတ်ဆောင်
ဦးအောင်လေ အေးချမ်းပါရစေ
အိပ်မက်တွေ တကယ်ဖြစ်ရမယ်
နီးတစ်ဝက်ရယ် ဆန္ဒပိုမိ ။ ။

**ရေချမ်း-မန်း**

## သတင်းပဒေသာ

### စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းတိုက်ရှိ မင်္ဂလာသီရိဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်များ ကူညီထောက်ပံ့

ရှမ်းပြည်နယ်အစိုးရနှင့် လွိုင်လင်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှ ခေတ္တယာယီနေရပ်စွန့်ခွာလာသူများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်များ ကူညီထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် သာသနာ့ရက္ခိတဗိမာန်တော်တွင် ကျင်းပပြုလုပ်သည်။ ထောက်ပံ့မှု စုစုပေါင်းမှာ ဆန် ၁၀၁အိတ်၊ ဆီ ၁၉၉ ပိဿာနှင့် လှူဒါန်းငွေကျပ် ၁၂၈ သိန်း ၅ သောင်း ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ ဆက်ကပ်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ အောင်မြေကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော်၊ ဆီ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အောင်မြေဘုန်းတော်ကြီးကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဓမ္မစကြာအခါတော်နေ့အခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျက်သရေဆောင် 'သာလေးသာသမိုင်းဝင်လှိုင်နံ့သာ' စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက စေတီတော်ကြီး၏ ဓမ္မပါလဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် သီလခံယူဆောက်တည်ပွဲများ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သီလခံယူခြင်းနှင့် ကုသိုလ်ကောင်းမှုများကို ယမန်နေ့ နံနက် ၉နာရီက ဝါဆိုလပြည့် ဗုဒ္ဓအခါတော်နေ့တွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဘုန်းကြီးကျောင်းများနှင့် သီလပေးဓမ္မာရုံများတွင် ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် သီလခံယူဆောက်တည်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက သတင်းရေးသားနည်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄) ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## (၂၇)ကြိမ်မြောက် မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၂**

(၂၇)ကြိမ်မြောက် မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉နာရီက အဆိုပါရိပ်သာရှိ ဝိမုတ္တိကျောင်းဆောင်တွင် ကျင်းပရာ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူပြီး ဖားအောက်တောရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ယောဂီများနှင့် ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ပဓာနနာယကဆရာတော်ထံမှ ဒသဲ့ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၃၇)**

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပ



**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀နှင့် ၉လမ်း၊ မြောက်ပြင် အရိပ်မထွက်ဘုရားအနီးရှိ ငြိမ်းမြရတနာကျောင်းတိုက်တွင် ဝါဆိုလပြည့်နေ့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စတုဒိသာကျွေးမွေးပွဲကို အဆိုပါကျောင်းတိုက် ဘုရားဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် ပရဟိတအသင်းချုပ်သြဝါဒါစရိယ၊ ပြည်တွင်း၊ပြည်ပ နယ်လှည့်ဓမ္မကထိက ငြိမ်းမြရတနာကျောင်းတိုက် ဗုဒ္ဓသာသနာပြု ဣစ္ဆာသယ ရွှေမန်းဆရာတော် ဘဒ္ဒန္တကဝိဇ ကြွရောက်တော်မူပြီး ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ တက်ရောက်ကြပြီး ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဦးထွန်းနိုင်+ဒေါ်နွယ်နွယ်ထွန်း မိသားစု၊ ရွှေဖောင်ကျေးရွာနေ ဒေါ်လှဝင်း မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးအုန်းဖေ၊ ခင်ပွန်း ဦးမျိုးမြင့်သိန်း(ခ)ဦးရှည်ကြီး၊ သား မောင်အေးမျိုးသန့်(ခ)ဖိုးလုံးတို့ကို ရည်စူး၍ ဒေါ်မြင့်စန်းရီက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချအနုမောဒနာတရားနာယူ၍ အမျှပေးဝေကြကာ ကြာဆံဟင်းကျွေးမွေးလှူဒါန်းသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် ကိုးခန်းဓမ္မာရုံတွင် ဦးထွန်းနိုင်+ဒေါ်ခင်ဝင်းကြည် (ရွှေချန့်)မိသားစုက ဆွမ်းဆန်တော်၊ နဝကမ္မဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မြသိန်းတန် နေသိဒ္ဓိဘုရား ဂန္ဓကုဋိတိုက်တော်၌ စစ်ကိုင်းမြို့နေ ဦးထွန်းမြင့်+ဒေါ်ချိုမြင့်သန်း မိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၃)**



## သက်ကြီးပူဇော်ပွဲ ကျင်းပ

**ပေကုန်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့ နံနက်က (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲ ကျင်းပရာ ပေကုန်းဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော် (ဝိနယဝိဓူ စမ္မာစရိယ) ဘဒ္ဒန္တကေသဝနှင့် ဓမ္မစကူးလ်ကျောင်းဆရာမများဦးဆောင်ပြီး အလှူရှင်များက သက်ကြီးရွယ်အို ၇၅နှစ်နှင့်အထက် အဘိုး၊ အဘွား ၅၈ ဦးကို ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် အခြားသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၃၉၃)**

## မဟာမုနိဘုရားကြီးအား ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများနှင့် ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရေးနှင့် ချိတ်ဆွဲရန်ရတနာပစ္စည်းများ၊ ရွှေထည်များ၊ ငွေများလာရောက်လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၂၁ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၃လမ်း၊ ၃၂(အေ)လမ်းနေ ဦးနိုင်ဝင်း+ဒေါ်မေသန်း၊ (သား)ဦးအောင်ပြည့်ဖြိုး၊ ကိုနိုင်ဝေတိုး+မထက်သီရိအောင် မိသားစုက ရှရှားစိန် ၃၅လုံးပါ စိန်လည်ဆွဲ တစ်ကုံး၊ စစ်ကိုင်းမြို့နေ ဦးဘိုလေး+ပါမောက္ခ ဒေါက်တာစန်းစန်းကြူ၊ (သမီး)ဒေါက်တာဝင်းဝါဝင်း မိသားစုက အလေးချိန် ၁၃ ပဲရှိ ရွှေညောင်ရွက် တစ်ခု၊ (၉၆)ကြိမ်မြောက် ဝါဆိုခြင်း အလှူခတ်ပွဲတော် ခြင်းဝါသနာရှင်များက မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေကျပ် ၁၀ သိန်းတို့ကို မဟာမုနိဘုရားမိုးကောင်းဓမ္မာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြသည်။



မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBank ငွေစာရင်းအမှတ် 08730 206100 449101နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း-၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၄၅)**

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

## နိုင်ဗလ

(၂၀-၇-၂၀၂၄)ရက် စာမျက်နှာ-၁၇ မှအဆက်

မိုးကဆက်တိုက်ရွာနေသဖြင့် အလုပ်လုပ်ရသည်မှာ ခရီးမတွင်။ သို့သော် မိမိတို့ စိုက်ပျိုးထားသော အပင်များအတွက်မူ စိတ်ချရသည်။ ဒီမိုးနှင့်ဆိုလျှင် အပင်များ အရှိန်ဖြင့် တစ်ဟုန်ထိုးရှင်သန်လာမှာ သေချာသည်။ နံနက်ခင်း သုံးနာရီခန့်တွင် မိုးတိတ်သွားသည်။ အိပ်ရာမှထ၍ အဆောင်ဘေးကွင်းပြင်တွင် အားကစားလေ့ကျင့်သည်။ ပြီးလျှင် ရေချိုး၊ ယူနီဖောင်းလဲ၍ စခန်းဘေး ပတ်လျှောက်ရင်း သမ္ဗုဒ္ဓေမှအစ မေတ္တာသုတ်အဆုံး မိမိရသမျှရွတ်ဆိုရင်း ရောင်နီအလာကို စောင့်သည်။ နံနက်ခင်း နေမင်းကြီးထွက်ပေါ်လာသည်ကိုကြည့်၍ မေတ္တာသုတ်ရွတ်၊ မေတ္တာပို့ရသည်မှာ စိတ်ကိုကြည်လင်ချမ်းမြေ့၍ တစ်နေ့ကုန်အတွက် ထူးခြားသောခွန်အားများ ရရှိသည်ဟု ခံစားရသည်။

အမျိုးသမီးအဆောင်ဘက်မှ သုံးဦး ခပ်သွက်သွက် ထွက်လာသည်ကို လှမ်းမြင်ရသည်။ စခန်းကုန်းဘက်ကို တက်သွားကြသည်။ ခွဲ(၁) ခွဲမှူး ဒေါ်သန်းသန်းနွဲ့(ကျောက်မီး အ.ထ.က)ကိုယ်တိုင်ပါသည်။ နံနက်ဝေလီဝေလင်းတွင် စခန်းရုံးသို့ သွားစရာ အကြောင်းမရှိ၊ စိတ်ဝင်စားစွာဖြင့် ဘုရားစာရွတ်ရင်း ရပ်ကြည့်နေမိသည်။ ခဏကြာသော် စခန်းမှူးနှင့် ဆေးအဖွဲ့တို့ပါ သုတ်သုတ်ပြာပြာဖြင့် မိန်းကလေးအဆောင်သို့ သွားသည်ကို တွေ့ရသည်။ သေချာပြီ၊ တစ်ယောက်ယောက် နေမကောင်း၍ ဖြစ်မည်ဟု ခန့်မှန်းရသည်။ တော်တော်နှင့် ပြန်ထွက်မလာ၊ နံနက်စာ စားခါနီးမှ ပြန်ထွက်လာကြသည်။ စောစောပင်စားရိပ်သာဘက် ထွက်လာခဲ့သည်။ ဆွမ်းပန်းကန်နှင့် မတ်ခွက်ကို ယူခဲ့သည်။ ထမင်းချက်အဖွဲ့ထံမှ ရေနွေးတစ်ခွက်တောင်းရင်း မေးမြန်းကြည့်သည်။ သူတို့လည်း ဘာမှမသိကြ။ အချက်အပြုတ် ဆရာကြီးများနှင့် ရေနွေးကြမ်းသောက်၊ စကားစမြည်ပြောရင်း မိုးဆက်တိုက်ရွာသဖြင့် ရိက္ခာပြတ်တော့မည့်အကြောင်း သိခဲ့ရသည်။ ယနေ့မှစ၍ ထမင်းဟင်းကို ခွဲတမ်းဖြင့် ကျွေးမည်ဖြစ်ကြောင်း၊ တစ်ရက်နှစ်ရက်အတွင်း ရိက္ခာရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ခြေကျင်ထွက်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိခဲ့ရသည်။ မိမိတို့က လိုက်ပါရန် အဆိုပြုထားသော်လည်း အညိုရောင်နယ်မြေဖြစ်၍ လုံခြုံရေးအဖွဲ့ကိုသာ တာဝန်ပေးထားကြောင်း သိခဲ့ရသည်။ နံနက်စာစားချိန်တွင် ပုသိမ်ကြီးမြို့နယ် လူငယ်အဖွဲ့ဝင်ဝန်ထမ်းမှ လိုက်ပါလာသော မငွေးဝင်း(ပါတီယူနစ်ရုံး) ငှက်ဖျားတက်၍ ဆေးသွင်း၊ ဆေးချိတ်ရကြောင်း သိရသည်။ တစ်ညလုံး အဖျားတက်၍ ကယောင်ကတမ်းဖြစ်ကြောင်း သိရသည်။ မငွေးဝင်းအနီးတွင် အစောင့်ထား၍ အလုပ်ခွင်သို့ဝင်ခဲ့ကြသည်။

ကျွန်တော်တို့သည် ငှက်ဖျားဆေး(ကွီနင်း)ကို လုပ်အားပေးစခန်းမဝင်မီ ဆေးစစ်ကာလကတည်းက ပုံမှန်သောက်ထားကြသည်။ အခြားဆင်ခြင်သင့်သည်များကိုလည်း ဆင်ခြင်သဖြင့် ငှက်ဖျားမဖြစ်ခဲ့။ မငွေးဝင်းသည် အပတ်စဉ်ဥပုသ်စောင့်လေ့ရှိသူဖြစ်ပြီး သားသတ်လွတ်စားသော အလေ့ရှိသူဖြစ်သည်။ လုပ်ငန်းခွင်ကကြမ်းတမ်းပင်ပန်းသည်။ အာဟာရမပြတ်ရန် ပြောသော်လည်း မငွေးဝင်းက ဥပုသ်ကို မဖျက်၊ နေ့စဉ် ပဲဟင်းရည်နှင့် သူ့တွင်ပါလာသော ပဲကြော်၊ မြေပဲကြော်နှင့် အသီးအရွက်ကိုသာ စားခဲ့သည်။ ရာသီဥတုက ပြင်းထန်၊ အလုပ်က ပင်ပန်းသဖြင့် အားနည်းချိန်တွင် ငှက်ဖျားဝင်ခြင်းဖြစ်သည်။ အလုပ်လုပ်ရင်းဖြင့် သူငယ်ချင်းများကို ပြောမိသည်။ ရိက္ခာပြတ်တော့မည့်အကြောင်း၊ တစ်ရက်နှစ်ရက်ခန့် အစားအသောက်ကို ခွဲတမ်းဖြင့် ချွေတာစားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအဖွဲ့ တောတွင်းမှ ခြေကျင်ထွက်ကာ ရိက္ခာရရှိရေးသွားနေပြီဖြစ်ကြောင်း ပြော၍ ရယ်ရယ်မောမောလုပ်ကာ စိတ်သက်သာအောင် နေပြရသည်။

နေ့လယ်စာ စားချိန်တွင် ပဲဟင်း မတ်ခွက်တစ်ခွက်စာနှင့် ဟင်းရွက်ကြော်၊ ထမင်းတစ်ပန်းကန်မောက်မောက်သာ ကိုယ်စီရကြသည်။ ထိုထမင်း၊ ဟင်းသည် အမှန်တကယ်တွင် တစ်ဦးစာလုံလောက်သည်။ ရိက္ခာပြတ်တော့မည်ဆိုသည့်အသိဖြင့် အများစုက ထိုထမင်းဟင်းကို နည်းသည်ထင်နေကြသည်။ ထမင်းပန်းကန်ရှေ့ချ၍ တိတ်ဆိတ်စွာစားရင်း မျက်ရည်ကျနေသူများ တော်တော်များများတွေ့ရသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသူများ မျက်ရည်ကျသည်။ ထူးထူးဆန်းဆန်း ယောကျ်ားလေးထဲမှ နှစ်ဦး၊ သုံးဦး မျက်ရည်ကျသည်။ အိပ်ရာလိပ်မပါသော ကျော်ကျော်ဦးက ထိပ်ဆုံးက၊ ကျော်ကျော်ဦးသည် မြို့နယ်လူငယ်မှ ပါဝင်သူဖြစ်သော်လည်း တက္ကသိုလ်ပထမနှစ်တက်မည့်သူဖြစ်သည်။ အရပ် ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးစစနှင့် လူငယ်ဖြစ်သည်။ အလုပ်ခွင်ထဲဝင်လျှင် သနပ်ခါးကို ဘဲကြားရိုက်လိမ်းတတ်သူဖြစ်သည်။ ယခုလည်း ယူနီဖောင်း အပြည့်အစုံ၊ သနပ်ခါးဘဲကြားနှင့် နှုတ်ခမ်းမွေးစစ၊ မျက်ရည်စီးကြောင်းနှင့် ကြည့်ရင်းကြည့်ရင်း ရယ်ချင်လာမိသည်။ "မင်း ယောကျ်ားမဟုတ်ဘူးလား၊ မျက်ရည်ကျတာ မရှက်ဘူးလား၊ မင်းမဝရင် ငါ့ထဲက ယူစားကွာ"ဟု ပြောရာ ပို၍ ငိုလေ၏။ ပြောလေ ငိုလေမို့ ဆက်မပြောတော့၊ အိမ်တွင် ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်၊ မတောင့်မတ၊ မကြောင့်မကြ နေခဲ့ရသူများဖြစ်၍ ဤကဲ့သို့ ခက်ခဲပင်ပန်းသည့် တောစခန်းလိုက်၍ နိုင်ငံတော်၏အကျိုး၊ အများအကျိုး သယ်ပိုးလိုစိတ်ရှိသည်ကပင် တော်လှသည်ဟု ဆိုရပေမည်။ ဤသို့ဖြင့် အလုပ်ခွင်သို့ ဝင်ခဲ့ကြသည်။ ရုပ်ကြမ်းကြီးနှင့်နွဲ့သော၊ နှုတ်ခမ်းမွေးကြီးဖြင့် ငိုသော၊ ပါးကွက်ကျားကြီးနှင့်ကိုကိုဖြစ်သည့် ကျော်ကျော်ဦးကို တစ်လမ်းလုံး စသည်။ ထူးဆန်းသည်။ စလေ ငိုလေ ကျော်ကျော်ဦး သီချင်းတစ်အေးအေးဖြင့် အလုပ်လုပ်နေသည်။ သူ၏အနားသွားတော့မှ အဖြေသိသည်။ ရေချိုးကန်ထဲမှ ပုလင်းကို ရေဘူးထဲထည့်ယူလာခဲ့ပြီဖြစ်သည်။ ထိုနေ့က အမျိုးသမီးအဖွဲ့ ငြိမ်သလောက် အမျိုးသားအဖွဲ့က သောင်းကျန်းသည်။ ညနေပိုင်းတွင် သူတို့သူငယ်ချင်းအချင်းချင်း ကတောက်ကဆဖြစ်ကြသေးသည်။ သတိထားရတော့မည်။ ရေချိုးကန်ထဲကပစ္စည်းများ သိမ်းမှဖြစ်မည်။ ရိက္ခာပြတ်၍ စိတ်ရှုပ်ထွေးနေချိန် အသောက်မှ ပြဿနာတက်နိုင်သည်။ ညနေပြန်သည်နှင့် လူအလစ်တွင် သိမ်းရမည်ဟု တေးထားသည်။ ပြန်ရောက်ရောက်ချင်းပင် အခြားသူများ ပက်လက်လှန်၍ အမောဖြေနေချိန် လုံးဝမနားဘဲ ချက်ချင်းရေချိုးကန်ထဲမှ ပုလင်းများကို နေရာရွှေ့၍ မသိမသာ နားနေခဲ့သည်။ ညနေတွင် အားလုံးနှင့်အတူရောရေ၍ ရေချိုးသည်။ ထမင်းစားချိန်တွင် ထမင်းကုန်မည်စိုးသောကြောင့် ဝီရိယကောင်းစွာဖြင့် စားရိပ်သာသို့ သွားကြသည်။ ကျွန်တော်က နေရာရွှေ့ထားသောပုလင်းများကို ထမ်း၍ စခန်းရုံးနှင့် အဆောင်ကြားမှ လျှိုထဲတွင် မြက်ခြောက်များဖုံး၍ ဝှက်ထားသည်။ ပုလင်းများကိုထုပ်သော ပုဆိုးစကိုယူ၍ ရေချိုးဆောင် မြင်သာသောနေရာတွင် ချခဲ့သည်။ ပြီးမှ ထမင်းစားဆောင်သို့ လာခဲ့သည်။ တန်းစီသူ စီ၊ ထိုင်စားသူစားဖြင့် ရှုပ်နေစဉ် နောက်မှဝင်၍ တန်းစီသည်။ ထုံးစံအတိုင်း ထမင်းစားရင်းဖြင့် မျက်ရည်ကျသူများ တွေ့ရသည်။ ထမင်းကို ခပ်သုတ်သုတ်စားလိုက်ပြီး အဆောင်တွင် အိပ်ရာပေါ် စာဖတ်ရင်း ငြိမ်နေလိုက်သည်။

ညပိုင်း စုဝေးဆောင်မှ ပြန်လာသောအချိန်တွင် စုစု စုစုဖြင့် အသံကြားရသည်။ ဓာတ်မီးတဝင်းဝင်းဖြင့် ကြိုကြိုကြားကြား ရှာကြသည်။ မသိဟန်ဆောင်၍ ဘာရှာနေကြတာလည်း မေးရာ၊ ခင်ဗျားဝှက်ထားပေးတဲ့ ပုလင်းတွေ မရှိတော့ဘူး၊ အဲ့ဒါရှာနေကြတာဟု ပြောသည်။ ဓာတ်မီးဖြင့် ကိုယ်လည်း ဟိုရှာ၊ ဒီရှာ ဟန်ပြရှာရင်း ပုလင်းတွေကိုထုပ်တဲ့ ပုဆိုးတွေ့ပြီ လာကြည့်ကြဟု ပြပြီး "တို့တွေထဲက တစ်ယောက်ယောက်ယူရင်း ပုဆိုးထုပ်လိုက် မ၍ ယူသွားမည်ဖြစ်ပြီး စခန်းမှ ရှာဖွေတွေ့ရှိက အထုပ်ကို ဖြည်၊ တစ်ပုလင်းစီ ကြည့်ပြီးမှ သယ်သွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ စခန်းမှ ရှာဖွေတွေ့ရှိသွားကြောင်း ဖြစ်နိုင်၍ မသိမသာ ငြိမ်နေကြရန်ပြော၍ နှစ်သိမ့်ပေးခဲ့ရသည်။ ထိုညက ပုလင်းများပျောက်သွားသဖြင့် အဆင်မပြေ၍ တော်တော်နှင့်မအိပ်ပဲ စကားပြောနေကြသည်။ မိုးအနည်းငယ် ကျလာသည်။ မိုးရပ်ပြီး လမ်းမာမှ ရိက္ခာကားလာနိုင်မည်။ မငွေးဝင်းကြီးအားလည်း မြို့ဆေးရုံသို့ ပို့နိုင်မည်ဖြစ်သည်။ ငှက်ဖျားတက်နေသည်မှာ နေ့စဉ်ရက်ဆက်ဖြစ်၍ ထမင်းစားဆောင်သို့ပင် ရောက်မလာသည်မှာ ကြာပြီ။ စိုးရိမ်စိတ်များဝင်မိသည်။ ညနေပိုင်းတွင် အလုပ်သိမ်းချိန် လုံခြုံရေးအဖွဲ့ ကျောပိုးအိတ်အလွတ်ကိုယ်စီ၊ လက်နက်ကိုယ်စီဖြင့် ကားလမ်းမကြီးရှိရာဘက်သို့ ထွက်ခွာစဉ် လမ်းတွင် တွေ့ခဲ့သည်။ ရိက္ခာများ သွားသယ်ကြမည်ဟု ပြောသည်။ မိုးက ဖြောက်ဖြောက် ကျလာပြန်သည်။ နံနက်စောစော စားဖိုဆောင်ဘက် ရေနွေးသွားယူ၍ ရေနွေးကြမ်းထိုင်သောက်စဉ် လုံခြုံရေးအဖွဲ့ ပြန်ရောက်လာသည်။ အားလုံးပင်ပန်းသော်လည်း လန်းလန်းဆန်းဆန်း ပဲနှင့်ဆီ၊ ဆိတ်ပေါင်နှစ်ချောင်းတို့ကို တွေ့ရသည်။ ဆန်က အနည်းငယ်ရှိသေး၍ ပဲကို ဦးစားပေးသယ်ခြင်း ဖြစ်ဟန်တူသည်။ သို့သော် မနေ့ညနေက သွားသည်။ ယနေ့နံနက်စောစော မိုးရွာထဲတွင် ပြန်ရောက်လာသည်။ တစ်ညလုံး မအိပ်မနေ ချီတက်ခြင်း မဖြစ်နိုင်၊ အားလုံးလန်းဆန်းနေသည်။ ဆိတ်သားက လောက်မည်မဟုတ်ကြောင်း ဝင်ပြောရာ နောက်မှာ လာပို့ဦးမှာ ညီလေးရေဟု ပြောသည်။ ဤသို့ဖြင့် ထိုနေ့ နေ့လယ်စာကို ဆိတ်သားဟင်း၊ ကုလားပဲဟင်း လိုသလောက်ဖြင့် စားကြရသည်။ အားလုံးပျော်ရွှင်နေကြသည်။ ညနေပိုင်းတွင် ပြန်ရောက်ပြီး ရဲကင်းကုန်းဘက် လမ်းလျှောက်ထွက်ခဲ့သည်။ ခါတိုင်းလာ၍ကြိုသော ခွေးကလေးနှစ်ကောင်အား မတွေ့မိ၊ ငှက်ပျောတောဘက်သို့ ဆင်းသည် မြစ်ကမ်းနားတွင် ရပ်၍ လေကိုတဝကြီး ရှူဖြစ်သည်။ ရေစီးသန်သော ဒုဋ္ဌဝတီမြစ်ကား ကမ်းလုံးပြည့် ရေစီးလျက်ရှိသည်။ ညနေက ရေချိုးရင်း စဉ်းစားသည်။ ဆိတ်ပေါင်နှစ်ပေါင်သည် စခန်းတစ်ခုလုံး မကျွေးနိုင်။ ယခုမူ နှစ်နပ်လုံး ဆိတ်သားဟင်းဖြင့် ငါထင်သလို မဟုတ်ပါစေနှင့်ဟုလည်း တွေးရင်း ဆုတောင်းမိသည်။

ထမင်းပန်းကန်နှင့် မတ်ခွက်ကိုယူ၍ စားရိပ်သာဘက် ထွက်ခဲ့သည်။ တချို့ ထိုင်၍ပင် စားနေကြပြီ။ တန်းစီ ထမင်းယူပြီး ထိုင်စားသည်။ သူငယ်ချင်းလှသူနှင့်အတူ ထိုင်ဖြစ်သည်။ ဆိတ်သားကိစ္စကို စကားစ၍ စဉ်းစားခိုင်းသည်။ စိတ်ဝင်စားသွားပြီး ဖြစ်နိုင်ချေကို စဉ်းစားမိသမျှ ပြောသည်။ "အေး..ဒါပဲ...ငါလည်း အဲ့ဒီလိုစဉ်းစားတာပဲ။ လာကွာ အတည်ပြုရအောင်"ဟု ပြောရင်း ထမင်းအနည်းငယ်စီထည့်ရင်း ဟင်းအိုးကိုင် ရှေ့ရပ်၍ ဟင်းထည့်ပေးရန် ပြောရာ "စကေးအတိုင်း ပဲလေ...ပဲဟင်းရည်ကတော့ဟိုမှာ လိုသလောက်ထပ်ယူ"ဟု ပြောသည်။ ကျွန်တော်က "ဆိတ်သားလိုချင်တာလေဗျာ... ထည့်ပေးမှာလား။ အားလုံးကို ပြောပြရမှာလား"ဟု ရယ်ကျဲကျဲဖြင့် ပြောရာ ဟင်းဝေသောဆရာက ကြောင်ပြီးကြည့်နေသည်။ ဘေးမှ တပ်ခွဲ(၂)နှင့်(၃) ခွဲမှူး ဆရာရှမ်းနှင့် ဆရာဆွေက "ဟေ့ကောင်တွေ မင်းတို့နှစ်ယောက်က ဘာကိုပြောပြမှာလဲ"ဟု ပြုံးတူးပြုံတဲမေးခဲ့သည်။ ကျွန်တော် သိထား၊ စုံစမ်းထားတာလေးတွေကို အားလုံးကို ပြောမှာပါဗျာ။ ဟင်းမပေးလည်း ရပါတယ်"ဟု ပြုံးဖြီးဖြီးဖြင့် လှည့်ထွက်ရာ ဆရာရှမ်းက "ဟိတ်ကောင် လာ ဟင်းထည့်"ဆိုပြီး ကိုယ်တိုင် ဟင်းခပ်ထည့်ပေးပြီး "ဟိတ် စုံထောက်နှစ်ကောင် သတင်းပေါက်ကြားရင် ပြဿနာတက်မှာ မင်းတို့နှစ်ကောင် ငြိမ်ငြိမ်နေ ကတိပေးစမ်း"ဟု ကြိတ်ပြောသဖြင့် "ဟုတ်ကဲ့ပါ ကတိပေးပါတယ်"ဟု ပြောကာ ပြန်ခဲ့ကြသည်။ ဆိတ်သားဟင်း နှစ်ခါပြန်ယူသော ကျွန်တော်တို့နှစ်ဦးကို အထင်ကြီးစွာ ပြုံး၍ကြည့်နေကြသည်။ တက္ကသိုလ်အမှတ်(၁)မှ မချိုတူးနှင့် မဆွေက ငါတို့လည်း ထည့်ပေးဟု ပြောသဖြင့် သူတို့အဖွဲ့အား တစ်ယောက်တစ်တုံးစီ ဝေပေးလိုက်သည်။ နင်တို့မစားတော့ဘူးလားဟု မေးရာ၊ ဝပါပြီဗျာ။ သက်သက်မဲ့သွားရစ်ပြီး ရအောင်ယူလာတာဟု ပြောရင်း ရေနွေးထိုင်သောက်ခဲ့သည်။ သူတို့ မြိန်ရေယှက်ရေ စားနေသည်ကိုကြည့်၍ လှသူနှင့် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါ ပြုံးပြီး ကြည့်မိကြသည်။

ကျောင်းသား၊ ကျောင်းသူ၊ မြို့နယ်လူငယ်အဖွဲ့၊ ပါတီလူငယ်၊ ဝန်ထမ်းလူငယ်များ စု၍ နိုင်ငံတော်အတွက် အကျိုးပြုလုပ်အားပေးလျှကြရာတွင် ပင်ပန်းဆင်းရဲသော်လည်း အရယ်မပျက်၊ အပျော်မပျက်၊ ရိက္ခာကြောင့် အားငယ်စိတ်မဖြစ်ရန်လည်း တာဝန်ရှိသူတို့က ရသည့်နည်းနှင့် ကြိုးစားပေးကြသည်။ အမှားအယွင်း၊ အတိမ်းအစောင်းဆိုသည်မှာလည်း စေတနာဖြင့် မှားခြင်းမျိုးသာ ဖြစ်ခဲ့သည်။ တွေးမိတိုင်း ရဲဘော်ရဲဘက်များကို လေးစားစွာ အလေးပြုပြီး ဂုဏ်ယူမိဆဲဖြစ်ပေတော့သည်။

(ဆက်လက်ဖော်ပြပါမည်။)

# အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ၊ ဆုများချီးမြှင့်

**မန္တလေး ဇူလိုင် ၂၂**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၁ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်းရှိ အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။ စာဖတ်စွမ်းရည်ပြိုင်ပွဲသို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်နှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်က အမှာစကားပြောကြားပြီး ကျောင်းသူ ၂၅ ဦးတို့မှ ကြိုတင်မဲနှိုက်၍ ဖတ်ရှုလေ့လာထားသော စိတ်ခွန်အားဖြစ်စေသော စာစုများ၊ဗဟုသုတရစေမည့် စာအုပ်စာစောင်များမှ အကြောင်းအရာများကို စွမ်းရည်ပြ ယှဉ်ပြိုင်ခြင်း၊ အမှတ်ပေးဒိုင်အဖွဲ့မှ သိလိုသမျှ မေးခွန်းများကို မေးမြန်းခြင်း၊ဖြေကြားခြင်း ဆောင်ရွက်ကာ အမှတ်ပေးကြသည်။



ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ စာဖတ်စွမ်းရည်အကောင်းဆုံးဆု ခုနစ်ဆုနှင့် နှစ်သိမ့်ဆု ၁၈ဆုတို့ကို ကျောင်းအုပ်နှင့် ဆရာမများက ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ကျောင်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။ထို့နောက် ကျောင်းသူများအား ဖျော်ရည်နှင့် မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။ (ဓဝံ) (ဝ၄၅)



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၂၂ရက် နံနက် ၈ နာရီခွဲက မြို့မဈေးအတွင်း ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများက ဈေးရောင်း၊ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရေး ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သရက် ဇူလိုင် ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၊ မုဆိုးရင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို တာဝန်ရှိသူများ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးအလေးထားဆောင်ရွက်သွားကြရန် ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ မုဆိုးရင်ကျေးရွာကုန်ထုတ်လမ်းမှာအရှည် ပေ ၅၂၈၀ ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းအား ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၂၁၈ သန်းဖြင့် တင်ဒါအောင်မြင်သော Chindwin Strategy ကုမ္ပဏီက ဖွန်လတာတီယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင်လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်မှ လူဦးရေ ၃၈၅ ဦးတို့၏ လယ်ယာမြေဧက ၃၅၀ မှ လယ်ယာထွက်ကုန်များသည် ဈေးကွက်သို့အချိန်မီ ရောက်ရှိမည်ဖြစ်ကြောင်း သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

(အပေါ်ပုံ)

**ငြိမ်းသူ**

# မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီက ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီက ညောင်ဦးမြို့နယ် စံပြကျေးရွာနှင့် ကောင်းပင်စည်(မ)တဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များက ညောင်ဦးမြို့နယ်၊ စံပြကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၂၀၀၊ ကောင်းပင်စည်(မ)တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၂၀၀၊ စုစုပေါင်း ရေဂါလန် ၄၄၀၀အား သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရပ်ဝေး၊ ရပ်နီးမှ စေတနာအလှူရှင်များ၏ လှူဒါန်းမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ လိုအပ်သောနေရာများကို ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ်အသုံးပြုပြီး ထယ်ထိုးမြေမြှုပ်ခြင်း အသိပညာပေး

**ကျွန်းလှ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးရိုးပြတ်များအား ယူရီးယားနှင့်အီးအမ်အသုံးပြုပြီး ထယ်ထိုးမြေမြှုပ်ခြင်း အသိပညာပေးခြင်းကို ယနေ့ နံနက် ၇ နာရီက ရှမ်းစုကျေးရွာ၊ကွင်းအမှတ်(၄၉၆)၊ တောင်သူ ဦးသံချောင်း၏ နွေစပါး ရိုးပြတ်စိုက်ခင်း ငါးဧက၌ ကျင်းပသည်။

အသိပညာပေးပွဲတွင် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ရိုးပြတ်များ မီးရှို့ခြင်းကြောင့် ထွက်ရှိလာသည့် မီးခိုးငွေ့များလျှော့ချနိုင်စေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့နည်းသက်သာစေရန်၊မြေဆီလွှာအတွင်း တဖြည်းဖြည်းယုတ်လျော့နေသော သဘာဝမြေဆွေးဓာတ် ပြန်လည်တိုးပွားလာစေရန်၊ စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်၍ ရေရှည်တည်တံ့သော စိုက်ပျိုးရေးတည်ဆောက်နိုင်စေရန်အတွက် ယူရီးယားနှင့် အီးအမ်အသုံးပြုပြီး ထယ်ထိုးမြေမြှုပ်ခြင်း အသိပညာပေးဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်းပြီး ယူရီးယားဓာတ်မြေဩဇာများကြဲပက်ခြင်းနှင့်အီးအမ်ပက်ဖျန်းပြီး ထယ်ထိုးမြေမြှုပ်ခြင်းများ လက်တွေ့ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးပွဲသို့ ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် “ပညာ” ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်” ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ” ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် **“စစ်မှန်သည့်အင်အား”**တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

**ဘက်စုံပညာကဏ္ဍကို မြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်**

စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာကဏ္ဍကို မြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ထဲတွင် လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် **“ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**ကို ထည့်သွင်းချမှတ်ပြီး နိုင်ငံသားတိုင်း ပညာသင်ယူမှု အခွင့်အလမ်းများ သာတူညီမျှရရှိစေရန် ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**“ပညာရေးဖြင့် နိုင်ငံတော်တိုးတက်ရေး”**ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန် ထမ်းဆောင်ကြသည့်အတွက် တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများအားလုံးကို အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်ထောင်စုကြီး တစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရကဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ **“စုပေါင်းအား”** ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် ကျောင်းသားလူငယ်များ၏ အင်အားကို ပိုမိုအားထားရမည် ဖြစ်ကြောင်း။

ယခင်နှစ်များက ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများကိုသက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဦးစီးဌာနအဆင့်ထိသာ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို **“နိုင်ငံတော်အဆင့်” “ပထမအကြိမ်”** ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင် ၅၀၇ ဦးကို ရွှေစင်ငါးမူးသား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးမည် ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိခဲ့သည့်ကျောင်းသားများကို ဒေသန္တရဗဟုသုတများ ရရှိရန်၊ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေရန် ပြည်တွင်းလေ့လာရေးခရီးစဉ် သာမက နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် ပြည်ပလေ့လာရေးခရီးစဉ်များကိုပါ စေလွှတ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မျိုးဆက်သစ်လူငယ်များကို စိတ်ခွန်အားများရရှိပြီး ပညာကို အစဉ်တစိုက်ကြိုးစားလိုစိတ်များ ပိုမိုပေါ်ထွက်လာအောင် ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**ရန်ကုန်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

မိုး/ဧလ